ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
*Yangon Protestant Reformed Church*
**တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၉)**

နေ့စွဲ - ၆. ၁. ၂၀၁၂

*<u>သမိုင်းကဏ္ဍ</u>* ***(History)***

## မာတင်လူသာ – ဂျာမန် ပြန်လည်ပြုပြင်သူ
(Martin Luther: German Reformer)

**နိဒါန်း**

ဘုရားသခင်သည် သူ၏အသင်းတော်ကို လမ်းလွဲနေသောရိုမန်ကက်သလစ်ဂိုဏ်းက လူတို့၏ သြတ္တပ္ပစိတ်များနှင့်အသက်ရှင်မှုများကို ထိန်းချုပ်ထားသည့် မှောင်မဲနေသော၊ စိတ်ဓါတ်ကျဖွယ်ထိုင်းမှိုင်းနေသော အလယ်ခေတ်တလျှောက်တွင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ သူ၏အသင်းတော်ကို ဘုရားသခင်သည် အဲလ်ပ်တောင်တန်းများရှိ ဂူများ၊ လျှိုမြှောင်များကြား ပုန်းခိုနေကြသော ဝဲလ်ဒန်းစီးယန်းအဖွဲ့များဖြင့် စောင့်ရှောက်ထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဘုရားသခင်သည် သူ၏အသင်းတော်ကို သစ္စာရှိသောနောက်တော်လိုက် ဂျွန်(၂)ဦးဖြင့်လည်း စောင့်ရှောက်ထိန်းသိမ်းခဲ့ပါသည်၊ ဂျွန်ဝှစ်ကလစ်နှင့် ဂျွန်ဟပ်စ် တို့ဖြစ်ကြသည်။

သို့သော် ဖွဲ့စည်းတည်ထောင်ထားသောအသင်းတော်မှာ ပျက်စီးယိုယွင်းလျှက်သာ ရှိနေခဲ့ပါသည်၊ ထို့အပြင် ဘုရားသခင်၏ ယုံကြည်သူတို့အတွက် မိမိတို့၏သားသမီးများနှင့်အတူ ထာဝရအသက်အစားအစာ စားသုံးဖို့နေရာ မရှိရအောင် ဖြစ်နေခဲ့ရပါသည်။ ကြာလာသည်နှင့်အမျှ ရိုမန်ကက်သလစ်ဂိုဏ်း၏ ဖိနှိပ်မှုကြောင့် ထိုသို့သော စစ်မှန်သည့်အသင်းတော်ကို ရှာရပိုခက်လာခဲ့ပါသည်။

သူ၏အသင်းတော်ကို စောင့်ရှောက်ထိန်းသိမ်းရန် လိုအပ်သည်များကို လုပ်ဖို့ ဘုရားသခင့်ထံတွင် သူ့ကိုယ်ပိုင် နည်းလမ်းနှင့် သူ့ကိုယ်ပိုင်အချိန် ရှိနေပါသည်။ ဖန်ဆင်းခြင်းအတွက်မှန်သလို၊ အသင်းတော်အတွက်လည်း မှန်သော ဆိုရိုးစကား ရှိပါသည်၊ "မိုးမသောက်မီအချိန်ကလေးသည် အမှောင်ဆုံးဖြစ်ပါသည်။" ရိုမန်ကက်သလစ်ဂိုဏ်း၏ လေးလံသောဖိနှိပ်မှုလက် အောက်တွင် ဥရောပသည် မှောင်သထက် မိုက်လာခဲ့ပါသည်၊ အာရုဏ်တက်ချိန်သည် ရောက်လုပြီဖြစ်သည်။ အသင်းတော်ပြန်လည်ပြုပြင်ဖို့ မျှော်လင့်ခြင်းများ ကုန်းဆုံးချိန်တွင် ဂျာမနီနိုင်ငံ ဆက်စွန်ပြည်နယ်ရှိ မထင်မရှား ဘုန်းတော်ကြီးတပါးအားဖြင့် ပေါ်ထွက်လာခဲ့ပါသည်။ ပြန်လည်ပြုပြင်ခြင်းသည် မထင်မှတ်သောအရင်းအမြစ်နှင့် အံ့သြစရာအရပ်ဒေသမှ ပေါက်ကွဲထွက်ပေါ်လာခဲ့ပါသည်။ ၎င်းအဖြစ်အပျက်သည် တမန်တော်များလက်ထက်မှနေ၍ ဘုရားသခင်ပြုတော်မူခဲ့သော အလုပ်များထဲတွင် အကြီးမြတ်ဆုံးသော အဖြစ်အပျက်ဖြစ်ပါသည်။ ထိုသို့သောအဖြစ်အပျက်သည် ခရစ်တော်ပြန်လာချိန်၊ အချိန်ဆိုသောအရာ၏အဆုံးသတ်ချိန်ထိပင် ပြန်ဖြစ်ပါဦးမည်လောဆိုသည်ကို စဉ်းစားနေရပါသည်။

### မာတင်လူသာ၏ဝိညာဉ်ထဲမှ ပြန်လည်ပြုပြင်ခြင်း(ရီဖေါမ်မေးရှင်း)

လောကအမြင်နှင့်လူသားအမြင်အရ၊ ဘုရားသခင်သည် မည်သည့်အခါတွင်မျှ အလျှင်စလို လုပ်တတ်ပုံမရပါ။ ကျွန်တော်တို့အတွက် အလွန့်အလွန်အရေးကြီးလျှက်၊ ထို့ထက်နောက်ကျပါက လုံးဝပျက်စီးတော့မည်ဆိုသောအချိန်မျိုးအထိ စောင့်နေတတ်ပါသည်။ လူသာနှင့်လည်း ထိုသို့ပင် ဖြစ်ခဲ့ပါသည်။ လူသာ၏ခေတ် ၁၅ ရာစုနှစ်နှောင်းပိုင်း၊ ဥရောပတိုက်၏အခြေအနေသည် ဆိုးဝါးလွန်းသဖြင့်၊ ဘုရားသခင်က တစုံတခုကို မကြာခင်သာမလုပ်ခဲ့ပါက၊ အချိန်များလွန်သွား၍ အသင်းတော်သည် ကမ္ဘာပေါ်မှ ပျောက်ကွယ်တော့မည်ကဲ့သို့ ဖြစ်နေပါသည်။

အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ဘယ်တော့မှဖြစ်နိုင်ဖွယ် မရှိတော့ပါ။

သို့သော်၊ အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း) ရောက်လာသည့်အခါတွင်လည်း၊ ဥရောပတတိုက်လုံးကို လွှမ်းမိုးသွားသည့် ခွန်အားကြီးလှသော ဒီရေလှိုင်းသဖွယ် ရောက်လာခဲ့ခြင်းဖြစ်ပါသည်၊ ပထမတွင်တော့ အလွန်နေးကွေးစွာ၊ မည်သူမျှ သတိမပြုမိလိုက်ဘဲ တိတ်ဆိတ်စွာရောက်လာခဲ့ခြင်းဖြစ်ပါသည်။ ပထမ မာတင်လူသာ၏ဝိညာဉ်ထဲတွင် အသံငယ်ကလေးအဖြစ်နှင့် ရောက်လာခဲ့ပါသည်။

မာတင်လူသာသည် နိုဝင်ဘာလ၊ ၁၀၊ ၁၄၈၃ တွင် ဂျာမနီနိုင်ငံ၊ ဆက်စွန်ပြည်၊ ပရပ်ရှားဒေသ အိုင်းစလီဗန်ရွာတွင် ဖွားမြင်ခဲ့ပါသည်။ သူ့မိဘများသည် အလွန်ဆင်းရဲကြပါသည်၊ သို့သော် ရိုးသားသူများ၊ အလွန်ကြိုးစားသူများဖြစ်ကြသည်၊ ရိုမန်ကက်သလစ်အသင်းတော်တွင် အလွန်ကိုင်းရှိုင်းသူများဖြစ်ကြပါသည်။ လူသာသည် ကက်သလစ်အသင်းတော်၏တင်းကြပ်သော စည်းမျဉ်းများ၊ အယူသည်းခြင်းများအောက်တွင် ကြီးပြင်းလာခဲ့သူဖြစ်ပါသည်။ သူသည် မဲန်စ်ဖီးလ်၊ မက်ဒီဘာ့ဂ်၊ အိုင်စင်နပ်ချ် တို့တွင် စတင်ပညာသင်ကြားခဲ့ပါသည်။ သူ့မိဘများက သူ့ကို ကျောင်းမထားပေးနိုင်သဖြင့်၊ ကျောင်းစရိတ်ရရန် သီချင်းဆို၍ ငွေရှာခဲ့ရပါသည်၊ အိုင်စင်နပ်ချ်မြို့ရှိ ချမ်းသာလှသောကုန်သည်တဦး၏ဇနီး အာဆူလာ ခိုတာ ဆိုသူကလည်း ကျောင်းစရိတ်အတွက် အကူအညီပေးခဲ့ပါသည်။ သူသည် ကြမ်းတမ်းသော လယ်သမားဘဝမှ ကြီးပြင်းလာခဲ့သူဖြစ်သည်။ ထိုစရိုက်ကို သူ့တသက်လုံးတွင် တွေ့မြင်နိုင်ပါသည်။ ထိုစရိုက်က သူ့ကို လူထု၏ပုဂ္ဂိုလ်(a man of the people) ဖြစ်လာစေပါသည်။

၁၅၀၁၊ အသက် ၁၈ နှစ်ပြည့်သော်၊ အာဖက်ယူနီဗာစတီ(တက္ကသိုလ်)သို့ စကောလားစတစ်ဒဿနပညာ(ကျောင်းတော်ဝါဒ)၊ ယုတ္တိဗေဒ၊ ပြောဟောခြင်းအတတ်နှင့် ရူပဗေဒပညာရပ်တို့ကို သင်ယူရန် ဝင်ရောက်ခဲ့ပါသည်။ ရီနေးဆန့်လှုပ်ရှားမှု(အသိပညာပြန်လည်ဆန်းသစ်လာခြင်း)သည် ဂျာမနီသို့လည်း ရောက်လာပြီဖြစ်သဖြင့်၊ သူသည် ဂန္ထဝင်လက်တင်ဘာသာကိုလည်း သင်ယူကာ၊ ကဗျာနှင့်မြူးဇစ်(ဂီတ)ပညာဆို့ကိုလည်း တတ်ကျွမ်းခဲ့ပါသည်။ အသက် ၂၀ ခန့်တွင် ပထမဆုံးအကြိမ် ကျမ်းစာကို တအုပ်လုံးပြည့်မြင်ဖူးခဲ့ပါသည်။ ထိုအချိန်လောက်တွင် လူသာ၏ဝိညာဉ်၌လည်း ဘုရားသခင်ကပြုလုပ်ပေးသော ရုန်းကန်မှု စတင်လာခဲ့ပါသည်၊ မိမိသည် ကယ်တင်ခြင်းရပါသလော?ဟု စတင်မေးမြန်းလာခြင်းဖြစ်သည်။ ၁၅၀၂ တွင် သူသည် တက္ကသိုလ်မှ အေဘီ ဒီဂရီကို ရရှိခဲ့ပါသည်။ နောက်သုံးနှစ်ကြာသော် အေအမ် ဒီဂရီ ထပ်ရပါသည်၊ ယနေ့ခေတ် ပီအိတ်ချ်ဒီ(Ph.D)ဘွဲ့နှင့် အဆင့်တူပါသည်။ ဥပဒေပညာသည် သူ့အတွက် အထူးဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ့ဖခင်က ဆန္ဒရှိ၍ဖြစ်သည်၊ ထိုစဉ်က ရိုမန်ကက်သလစ် ဥရောပတွင် အလားအလာအရှိဆုံး အသက်မွေးမှုလည်း ဖြစ်ပါသည်။

သို့သော် ဘုရားသခင်က သူ့အတွက် အခြားအစီအစဉ်ကို ထားရှိပါသည်။ အဖြစ်အပျက်နှစ်ခုက လူသာကို ဘုန်းကြီးကျောင်းသို့ ဝင်ရောက်စေခဲ့ပါသည်၊- တခုမှာ သူ့သူငယ်ချင်း၏ ရုတ်တရက်သေဆုံးမှုဖြစ်သည်၊ တဦးချင်းတိုက်ပွဲကြောင့်သေသလော? မိုးကြိုးပစ်၍သေသလော? သေချာတော့မသိရပါ၊ နောက်အဖြစ်အပျက်တခုမှာ ကြောက်မက်ဖွယ်ကောင်းလှသော မိုးကြိုးမုန်တိုင်း သူခရီးသွားစဉ် ကျရောက်လာခြင်းဖြစ်သည်၊ သေပြီဟု သူ့ကိုယ်သူ ထင်မှတ်ခဲ့ပါသည်၊ ကြောက်လွန်းလှသဖြင့် စိန့်အဲန်ထံ ဤမုန်တိုင်းထဲ မသေဘဲ ကယ်တင်ပါလျှင်၊ ဘုန်းကြီးကျောင်းဝင်ကာ ဘုန်းတော်ကြီးလုပ်ပါမည်ဟု ကတိပေးကာ ဆုတောင်းခဲ့ပါသည်။ သူ မိုးကြိုးမုန်တိုင်းမှ လွတ်လာပါသည်၊ ထို့ကြောင့် ကတိပေးထားသလို၊ ဂျူလိုင်လ ၁၆ ရက်၊ ၁၅၀၅ တွင် ဘုန်းကြီးဖြစ်လာခဲ့သည်။

သူ ဘုန်းကြီးဖြစ်လာခဲ့ခြင်းမှာ၊ ဘုန်းကြီးကျောင်းတွင် နေထိုင်ခြင်းက သူ၏ ကြောက်ရွံ့မှုနှင့်ပြည့်နေသောဝိညာဉ်ကို ငြိမ်းချမ်းခြင်းတချို့ကို ပေးနိုင်မည်ဟု ယုံကြည်၍ဖြစ်သည်။ ဘုရားသခင့်ချစ်ခြင်းက အာမခံချက်ပေးသော ငြိမ်းချမ်းခြင်းမျိုး ရမည်ဟု ယူဆခဲ့၍ဖြစ်သည်။ ဘုရားသခင်က သူ့ကို ဘုန်းကြီးကျောင်းသို့ သက်သက် ပို့ခဲ့ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ရိုမန်ကက်သလစ်ဂိုဏ်းမှ ထိုငြိမ်းချမ်းခြင်းကို ရနိုင်မည်ဟု ပြောပြသောလမ်းညွှန်မှုများအားလုံး၏ အချည်းနှီးဖြစ်မှုကို လက်တွေ့သိမြင်လာရန်ဖြစ်သည်။ ရိုမန်ကက်သလစ်ဂိုဏ်း၏ လမ်းညွှန်ချက်များအားလုံးသည် လုံးဝ လမ်းညွှန်ချက်များ မဟုတ်ကြပါ၊ အဘယ့်ကြောင့်ဆိုသော် လူသားက ဘာလုပ်ရမည် ဆိုသည်များကိုသာ ပြောပြထား၍ဖြစ်ပါသည်။

သူသည် ပြောသမျှကို ဘုန်းကြီးကျောင်းတွင် လိုက်နာခဲ့ပါသည်။ သူကိုယ်တိုင်ကပြောသလို၊ သူသည် ဘုန်းတော်ကြီးအားလုံးထက် ဘုန်းကြီးပီသစွာ နေခဲ့ပါသည်။ သူသည် မျိုးစုံသောဒုက္ခစရိယကျင့်စဉ်များဖြင့် မိမိကိုယ်ကို ညှင်းဆဲကာ ကျင့်ကြံခဲ့ပါသည်၊ ထို့အတွက် ကျန်းမာရေးပင် ချို့ယွင်းလာခဲ့ရပါသည်။ သူ့အထက်ဘုန်းတော်ကြီးထံ မကြာခဏအပြစ်ဝန်ချတောင်းပန်လွန်းသဖြင့်၊ သူ့အထက်ဘုန်းကြီးက မင်း တကဲ့အပြစ်တခုခုသွားလုပ်ရင်လုပ်၊ ဒါမှမဟုတ် ငါ့လိုအလုပ်များလွန်းသူကို ဘာမဟုတ်သောကိစ္စကလေးများအား လာရောက်အပြစ်ဝန်ချခြင်းဖြင့် အလုပ်ထပ်မရှုပ်စေပါနှင့်ဟု အပြောခံရသည်အထိဖြစ်ပါသည်။

ဘုရားသခင်က သူ့အတွက် အကူအညီပေးမည့်သူကို ဘုန်းတော်ကြီးကျောင်းသို့ လွှတ်လိုက်ပါသည်၊ ရှုံးမသွားစေရန်ဖြစ်သည်၊ သို့သော် ငြိမ်းချမ်းမှုရရန်တော့ မလုံလောက်သေးပါ။ ထိုသူသည် ယိုဟန်းဗွန်စတောပစ်ဇ် ဖြစ်သည်၊ ဘုန်းတော်ကြီးကျောင်းအုပ်ဖြစ်သည်။ ဂန္ထိယဆန်သောအကြောင်းအရာများကို လေ့လာလိုက်စားသူဖြစ်သဖြင့် ရိုမန်ကက်သလစ်တဂိုဏ်းလုံးထက် ကယ်တင်ခြင်းအကြောင်း ပိုသိသူဖြစ်သည်။ သို့သော် ရိုမန်ကက်သလစ်ဂိုဏ်းမှ ဘယ်တော့မှ မခွာသူလည်း ဖြစ်နေပြန်ပါသည်။ ထိုသူက လူသာကို ကျမ်းစာဖတ်ပါဟု ညွှန်ပြခဲ့ပါသည်၊ လူသာ၏အတွေးများကို လက်ဝါးကပ်တိုင်မှနေ၍သာ အပြစ်မှ ခွင့်လွှတ်ခံရခြင်းလာကြောင်း လှည့်စေခဲ့ပါသည်၊ လူသာ၏ဝိညာဉ်ထဲတွင် လူတိုင်းသည် မိမိအပြစ်အတွက် ဘုရားသခင့်ထံ တိုက်ရိုက်ဝန်ချတောင်းပန်နိုင်သည်ဆိုသောအတွေးမျိုးစေ့ကို ချမှတ်ပေးခဲ့ပါသည်။ ၁၅၁၁ ခုနှစ်၊ လူသာအတွက် မဲမှောင်သောစိတ်ဓါတ်ကျရသည့်နှစ်များမှ တနှစ်တွင်၊ ဗွန်စတောပစ်ဇ်က လူသာအား၊ သီဩလော်ဂျီဒေါက်တာတဦးအနေနှင့် စတင်ဟောကြားခြင်းပြုရန် စေခိုင်းပါသည်။ လူသာက ဤသို့ ပြန်ပြောခဲ့ပါသည်၊ “လေးစားရပါသော မစ္စတာ စတောပစ်ဇ်၊ ထိုသို့ပြုလျှင် ကျွန်ုပ်သေမည်ထင်ပါသည်။” ထိုအခါ ရယ်မောခြင်းတဝက်ဖြင့် စတော်ပစ်ဇ်က ပြန်ဖြေပါသည်၊ “ကောင်းလေစွ၊ ဘုရားသခင်သည် ထူးချွန်သူများအတွက် ကောင်းကင်ဘုံတွင်လည်း လုပ်စရာများကို ထားရှိပါသည်။”

ဘုန်းတော်ကြီးကျောင်းတွင်နေထိုင်ရသောအချိန်များသည် လူသာအတွက် မရှိမဖြစ် လိုအပ်ခဲ့ပါသည်၊ ထိုသို့ဖြင့်သာ သူသည် ရိုမန်ကက်သလစ်သီဩလော်ဂျီ၏အမှားများကို သိလာမည်ဖြစ်သည်၊ ၎င်းတို့က အလုပ်အားဖြင့်သာကယ်တင်ခြင်းရမည်ဟု သင်ကြပါသည်။ ဘုရားသခင်က တောင်းဆိုသောအလုပ်များကို လူသားက မည်သည့်အခါတွင်မျှ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ လူသာ ပင်လျှင်၊ တစုံတဦးသည် ကယ်တင်ခြင်းရဖို့ လုံးလောက်သည့်ကောင်းသောအလုပ်များကို မလုပ်ခြင်းလော (သို့) သူလုပ်သောအလုပ်များက မလုံလောက်ခြင်းလော ဆိုသည့်အတွေး၏ နှိပ်စက်ခြင်းကို အတော်ခံခဲ့ရပါသည်။ မည်သည့်အလုပ်များကမှ ကယ်တင်ခြင်းကို မထိုက်တန်စေနိုင်သဖြင့်၊ ကယ်တင်ခြင်း၏ငြိမ်းချမ်းမှုနှင့်ဝမ်းမြောက်မှုတို့သည် ရိုမန်ကက်သလစ်ဂိုဏ်း၏လမ်းညွှန်ချက်တို့မှနေ၍ ပေါ်မလာနိုင်ကြပါခြေ။ လူသာသည် ထိုသင်ခန်းစာကို သန့်ရှင်းသောဝိညာဉ်တော်၏ကျောင်းတွင် မဖြစ်မနေ သင်ယူဖို့လိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအချက်ကို သဘောမပေါက်ဘဲ၊ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း) ဖြစ်မလာနိုင်၍ဖြစ်ပါသည်။

**လူသာ ပြောင်းလဲခြင်း**

မေလ ၂ ရက်၊ ၁၅၀၇ တွင် လူသာ ဘုန်းတော်ကြီးဖြစ်လာကာ၊ ပထမဆုံးမတ်စ်ပွဲကို ကျင်းပပေးနိုင်ခဲ့ပါသည်။ သို့သော် သီဩလော်ဂျီတွင် ဒေါက်တာဘွဲ့ရရန် ဆက်လက် ဆည်းပူးနေခဲ့ပါသည်၊ ထိုဘွဲ့ကိုရသောအခါ၊ ဝှစ်တင်းဘာ့ဂ်မြို့ယူနီဗာစီတီတွင် ပရော်ဖက်ဆာ(သင်ကြားပေးသူ)ဖြစ်လာဖို့ တံခါးပွင့်လာခဲ့ပါသည်။ ၁၅၁၂၊ ဆောင်းရာသီတွင် သိက္ခာတော်ရ ဒေါက်တာ မာတင်လူသာ ဖြစ်လာခဲ့ပြီဖြစ်သည်၊ ဆာလံကျမ်းများ၊ ရောမဩဝါဒစာ၊ ဂလာတိဩဝါဒစာ၊ ဟေဗြဲဩဝါဒစာတို့နှင့် ပတ်သက်သောအကြောင်းအရာတို့ကို စတင်ပို့ချလို့နေပါသည်၊ ထို့နောက် ဆာလံကျမ်းများအကြောင်း ပြန်လည်ပို့ချပြန်ပါသည်။ ထိုသို့ပို့ချဖို့ မြောက်များစွာ လေ့လာမှုများပြုခဲ့ရသလို၊ ၎င်းတို့၏အရေးပါမှုကို နောက်ပိုင်းတွင် ဤသို့ပြောပြပါသည်၊ “ထိုသို့သင်ကြားပေးနေစဉ်၊ ပုတ်ရဟန်းမင်း၏သွန်သင်ခြင်းများ ငါ့ထံမှ လုံးလုံးလွင့်ပျောက်သွားခဲ့ကြပါသည်။”

ရောမဩဝါဒစာ ၁း၁၇ “အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့ ဖွင့်ပြလျှက် ရှိနေပါသည်၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါမည်ဟု ရေးထားသကဲ့သို့ဖြစ်သည်။” ထိုကျမ်းစာပိုဒ်မှ “ဘုရားသခင်၏ဖြောင့်မတ်ခြင်း”ကို လူသာက ဘုရားသခင်၏အခြေခံပြည့်စုံမှု၊ ထို့ကြောင့် သူ၏အပြစ်ကို မုန်းတီးမှုအဖြစ်သာ နားလည်ခဲ့ပါသည်။ ထိုစာပိုဒ်ကို ယခုအခါ အမြင်သစ်ဖြင့် မှန်စွာသိမြင်လာခဲ့ပြီဖြစ်သည်။

“ဘုရားသခင့်ဖြောင့်မတ်ခြင်း”ဆိုသည်မှာ သူ၏ပြည့်စုံတော်မူခြင်းမှလာသော အပြစ်တရားအားမုန်းတီးခြင်း မဟုတ်တော့ဘဲ၊ ခရစ်တော်၏ထိုက်တန်မှုအတွက်ကြောင့် ဘုရားသခင်မှ အပြစ်သားထံ မှတ်ယူပေးသောဖြောင့်မတ်ခြင်းဟု တွေ့မြင်လာခြင်းဖြစ်သည်၊ အပြစ်သား၏ထိုက်တန်မှု၊ လုပ်ကိုင်မှုများကြောင့်မဟုတ်ဘဲ၊ ခရစ်တော်ကြောင့် မှတ်ယူပေးသောဖြောင့်မတ်ခြင်းဟု သိမြင်လာခြင်းဖြစ်သည်၊ ၎င်းကို နောက်ပိုင်းတွင် လူသာ၏မျှော်စဉ်ကဲ့သို့သောတွေ့ကြုံမှုဟု ခေါ်ကြပါသည်။ ၎င်းသည် မထိုက်တန်သောအပြစ်သားထံ ယုံကြည်ခြင်းဖြင့် အဖိုးအခမဲ့ ပေးတော်မူသောဖြောင့်မတ်ခြင်းဖြစ်သည်။

သူ့အတွက် ကောင်းကင်နိုင်ငံ၏ဂိတ်တံခါးများ ပွင့်သွားသလို ခံစားရပါသည်ဟု နောက်ပိုင်းတွင် လူသာက ပြောပြပါသည်။ ချက်ချင်း သူခံစားနေခဲ့ရသည့် စိတ်ပျက်ဖွယ် အပြစ်ဒုစရိုက်နှင့်မထိုက်တန်မှုများ လွင့်ပျောက်သွားသလိုဖြစ်ပါသည်၊ ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရရန် သူ့ဖက်မှလူသားအနေနှင့်ကြိုးစားခဲ့သမျှသည် ရှုံးသွပ်မှုနှင့်အသုံးမကျမှုများဟု တွေ့မြင်လာပါသည်။ သူ၏ ဘုန်းတော်ကြီးဘဝ ကျင့်ကြံလိုက်လျှောက်မှုများအားလုံး အဓိပ္ပါယ်မဲ့ အားထုတ်မှုများ ဖြစ်သွားကြပြီဖြစ်သည်။ သူ့ထံတွင် အပြစ် မရှိတော့ပါ၊ သူအပြစ်မလုပ်သဖြင့် မဟုတ်ပါ၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို သူ့ထံ အဖိုးအခမဲ့ပေးသဖြင့်ဖြစ်ပါသည်။ သူသည် ဖြောင့်မတ်သူနှင့်အပြစ်သား တချိန်တည်းတွင် ဖြစ်ပါသည်။ ထိုသို့သိခြင်းက ငြိမ်းချမ်းခြင်းကို သူ့ထံ ရောက်လာစေပါသည်။

ထိုသို့သော ထူးခြားသည့်အမြင်ကို လူသာတယောက် ချက်ချင်းရလာသည်မဟုတ်ပါ။ ထိုကြီးမြတ်သောအလင်းကို ရရှိပြီးနောက်၊ သူသည် ဆာလံကျမ်းများနှင့် ရှင်ပေါလု၏ဩဝါဒစာများကို တခါပြန်လေ့လာပါသည်၊ ကယ်တင်ခြင်းသည် ဘုရားသခင်မှ မှတ်ယူပေးသော ဖြောင့်မတ်ခြင်းကြောင့်သာဖြစ်သည်ကို ပို၍နားလည်လာကာ၊ ၎င်းသည် ကျမ်းစာ၏နှလုံးသားဗဟိုနေရာတွင် ရှိနေကြောင်း ပို၍ သဘောပေါက်လာပါသည်။ ထို့နောက် ထိုနှလုံးသားဗဟိုနေရာမှနေ၍ ကျမ်းစာတအုပ်လုံးကို ပြန်လေ့လာပြန်ပါသည်။

**အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)**

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)သည် လူသာ၏ဝိညာဉ်ထဲတွင် ပြီးပြည့်စုံခဲ့ပါသည်။ ယခုအခါ အသင်းတော်ထဲတွင် အကျယ်တဝင့် လုပ်ကိုင်ချိန် ကျရောက်ပြီဖြစ်သည်။ ဘုရားသခင်သည် သူအသုံးပြုမည့်သူကို အဆင်သင့်ဖြစ်စေခဲ့ပြီ၊ လူသာ ကိုယ်တိုင်ကပင် ထိုအချက်ကို မသိခဲ့ပါ၊ ယခုအခါ ဘုရားသခင့်လူများသည် ရိုမန်ကက်သလစ်ဂိုဏ်းဟူသော အီဂျစ်ပြည်မှ ခါနန်ပြည်ဆိုသော ဧဝံဂေလိတရားသို့ ခေါ်ထုတ်ခံရရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ထိုအမှုအတွက် လူသာသည် မောရှေကဲ့သို့ ခန့်အပ်ခံရသူဖြစ်ပါသည်။

ထိုအလုပ်သည် တက်ဇဲလ်ဆိုသော ဘုန်းကြီးက အပြစ်ခွင့်လွှတ်ခြင်းစာရွက်များကို ဂျာမနီနိုင်ငံဆက်စွန်ပြည်နယ်တွင် အပေါစားပစ္စည်းကဲ့သို့ ရောင်းချဖို့ ပြင်ဆင်ခြင်းမှစတင်ပါသည်။ ထိုကိစ္စသည် လူသာ၏အာရုံစိုက်ခြင်းကို ခံလာရပါသည်။ ထိုအပြစ်ခွင့်လွှတ်ပေးနိုင်သည်ဆိုသော ပုတ်ရဟန်းမင်း၏စာရွက်များ ဘာမှမဟုတ်ကြောင်း သူကိုယ်တိုင်မှ မိမိ၏ဝိညာဉ်ထဲတွင် တွေ့ရှိခဲ့ပြီးဖြစ်သဖြင့်၊ လူသာသည် ထိုကိစ္စကို သူ၏ဘုန်းတော်ကြီးဂိုဏ်းဖြစ်သော ဩဂတ်စတင်နီယန်ဂိုဏ်းထဲတွင် မှန်၏မှား၏ လူအများရှေ့တွင် ပွင့်လင်းစွာ စကားရည်လုဖို့ စတင်ပါသည်။ အခြားသူများကို ဤအချက်များအား စကားရည်လုကြမည်ဆိုသည့်အနေနှင့် အချက် (၉၅)ချက်ကို ဝှစ်တင်းဘာ့ဂ်ဘုရားကျောင်းတံခါးပေါ်တွင် ချိတ်ဆွဲထားလိုက်ပါသည်။

ထိုအချိန်မှစ၍ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)လုပ်ငန်းသည် ဘုရားသခင်၏အလုပ်ဖြစ်ကြောင်း၊ လူသာ၏အလုပ်မဟုတ်ကြောင်း ရှင်းလင်းလာပါသည်။ ရီဖေါ်မေးရှင်းသည် လူသာ၏နှလုံးသားထဲတွင် ဘုရားသခင်ကလုပ်သောအလုပ် ဖြစ်ပါသည်။ လူသာကိုယ်တိုင်က နောက်ပိုင်းတွင် ထိုကိစ္စကို ဤသို့ပြောခဲ့ပါသည်၊- “ပထမ ငါတောင်းဆိုသည်မှာ လူအများက ငါ့နာမည်ကို မသုံးဖို့ဖြစ်သည်၊ သူတို့ကိုယ်သူတို့ လူသာရန်များ(လူသာနောက်လိုက်များ)ဟုမခေါ်ကြဘဲ၊ ခရစ်ယာန်များဟုသာ ခေါ်သင့်ကြပါသည်၊ လူသာဆိုသည်မှာ မည်သူနည်း? ငါသင်ပေးသောအရာများသည် ငါ တီထွင်ထားသည်မဟုတ်ပါ၊ ထို့အပြင် ငါ ဘယ်သူ့အတွက်မှ လက်ဝါးကပ်တိုင်ပေါ် မသေပေးပါ၊ ငါ့ကဲ့သို့သော ပုတ်ဆော်နံနေသည့် လောက်ကောင်များထည့်ထားသည့် အိပ်ဖြစ်သူက၊ မည်သို့လျှင် ခရစ်တော်၏သားသမီးများ သူတို့ကိုယ်ကိုခေါ်သောနာမည် ဖြစ်ထိုက်ပါမည်နည်း?”

နောက်မကြာလှသောအချိန်၊ သူဟောကြားသောတရားဒေသနာထဲ၌လည်း ဤသို့ပြောပါသည်၊- "ငါသည် ရိုးရိုးကလေး ဘုရားသခင့် စကားတော်ကို ရေးသား၊ ဟောကြား၊ သင်ပေးခြင်းဖြစ်ပါသည်၊ ထိုမှလွဲ၍ အခြား ဘာကိုမှမလုပ်ပါ။ ထိုသို့ပြုပြီးနောက် ငါသည် ဝုစ်တင်းဘာ့ဂ်သို့ပြန်ပါသည်၊ ထိုနေရာတွင် ငါ့သူငယ်ချင်း ဖိလစ်၊ အဲမ်စ်ဒေါ့ဖ်တို့နှင့် ဘီယာထိုင်သောက်ပါသည်၊ ဘုရားသခင့်စကားတော်ကသာ ပုတ်ရဟန်းမင်းအဖွဲ့ကို ထိုမျှ ထိခိုက်စေခြင်းဖြစ်ပါသည်၊ မည်သည့်အင်ပါယာပြည့်ရှင်၊ မည်သည့်မင်းညီမင်းသားကမျှ ထိုမျှထိခိုက်နစ်နာအောင် မလုပ်နိုင်ခဲ့ကြပါ။ ငါ ဘာမှ မလုပ်ပါ၊ ဘုရားသခင့်စကားတော်ကသာ အားလုံးလုပ်သွားခြင်းဖြစ်ပါသည်။"

ထို မာတင်လူသာ၏ခံယူချက်ဖြစ်သည့် ဖြစ်ပျက်လာသောပြန်လည်ပြုပြင်ခြင်းသည် ဘုရားသခင့်အလုပ်ဖြစ်ပါသည် ဆိုသောအချက်သည် သူ၏အချက်(၉၅)ချက် ချိတ်ဆွဲစဉ်ကပင် ထင်ရှားလျှက် ရှိပါသည်။ လူသာအတွက်၊ ရိုးသားစွာ ဆွေးနွေးချင်ယုံမျှသာဖြစ်ပါသည်။ သို့သော် ဘုရားသခင်က ထိုအချက်(၉၅)ချက်ကို၊ ထိုစဉ်က အံ့ဩစရာတီထွင်မှုဖြစ်သည့်၊ စာပုံနှိပ်စက်အားဖြင့် ဥရောပတတိုက်လုံးဖတ်နိုင်ဖို့ ယူဆောင်သွားပါတော့သည်။ ရောက်သည့်နေရာတိုင်းတွင် ၎င်းအချက်တို့က ဥရောပတိုက်ကို အခြေခံအုတ်မြစ်မှနေ၍ တုန်လှုပ်သွားစေပါတော့သည်။ ထိုအချက်(၉၅)ချက်သည် ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်းရသည်ဆိုသော ဧဝံဂေလိတရား၏ အနှစ်သာရများဖြစ်နေကြပါသည်၊ ဥရောပတိုက်တတိုက်လုံးက ဆာငတ်နေသောအမှန်တရားပင်ဖြစ်ပါတော့သည်။

**ရိဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)တိုးတက်လာပုံ**

ဤမျှတိုသောဆောင်းပါးတွင် လူသာ၏အလုပ်အားလုံးကို ဖေါ်ပြ၍မဖြစ်နိုင်ပါ။ ဖြစ်နိုင်သည်မှာ အထူးထင်ရှားသောအဖြစ်အပျက်များကိုသာ ဖေါ်ပြခြင်းဖြစ်ပါသည်။

လူသာ၏ အချက်(၉၅)ချက်ကြောင့် ပြောင်းဆန်နေသောဥရောပသည် ပုတ်ရဟန်းမင်း၏ ဂရုစိုက်ရသောအဖြစ်အပျက်ချက်ချင်းဖြစ်လာသော်လည်း၊ ထိုအဖြစ်အပျက်များ၏ တုန်လှုပ်ချောက်ချားရသည့်အခြေအနေကိုမူ ချက်ချင်းသဘောမပေါက်ခဲ့ပါ၊ ဘုန်းကြီးတဦးနှင့်တဦး သဘောကွဲလွဲခြင်းမျှသာဟု ယူဆခဲ့ပါသည်။ သို့သော် ထိုမျှမကခဲ့ပါ၊ လူသာကိုယ်တိုင်က မည်မျှတာသွားကြောင်း သဘောမပေါက်ခဲ့ပါ။ သို့သော် ထိုအဖြစ်အပျက်၏ အရေးကြီးလွန်းမှု သက်သေပြလာသောအခါ၊ အရေးကြီးသောအဖြစ်အပျက်များ ဆက်တိုက် ဖြစ်ပျက်လာကြပါသည်။

**တရားစီရင်ခံရခြင်းနှင့် ဗာတုရ(အာဇာနည်)အဖြစ်သေဆုံးခြင်း**

၁၅၁၈၊ ဧပြီလတွင် ဟိုက်ဒဲလ်ဘာ့ဂ်မြို့၌ ငြင်းခုံကြခြင်းကို ကျင်းပကြပါသည်။ အချက်(၉၅)ချက် ကို လူထုက သိမြင်ပြီးနှစ်ဝက်မတိုင်မီ ကျင်းပခြင်းဖြစ်သည်၊ လူသာ၏အမြင်များကို ဩဂတ်စတင်နီးယန်ဂိုဏ်းမှ ဘုန်းကြီးများက ဆွေးနွေးငြင်းခုံကြခြင်းဖြစ်သည်။ ရိုမန်ကက်သလစ်ဘုန်းကြီးများက သူတို့၏ပုတ်ရဟန်းမင်းများအား တိုင်တည်ကာငြင်းခုံကြသည်။ ထိုအချက်ကို အခွင့်အရေးယူကာ လူသာက အပြစ်ခွင့်လွှတ်ပေးသည်ဆိုသော စာရွက်များနှင့်ဆက်စပ်နေသော သီဩလော်ဂျီအမှားများဖြစ်သည့် ကောင်းသောအလုပ်များ၏ထိုက်တန်မှုများ၊ လူသားက လွတ်လပ်စွာရွေးချယ်နိုင်သည်ဟု ဆိုခြင်းများကို ထောက်ပြပါသည်။ ထိုဆွေးနွေးငြင်းခုံပွဲမှ ဘာရလဒ်မှတော့ ထွက်မလာခဲ့ပါ၊ လူသာကသာ လူအများမှ သူ၏အမြင်များကို လက်ခံလာကြခြင်းဆိုသော အမြတ်ထွက်ခဲ့ပါသည်၊ နောက်ပိုင်းတွင် စထရပ်စ်ဘာ့ဂ်ပြည်နယ်၏ ပြန်လည်ပြုပြင်သူဖြစ်လာမည့် မာတင်ဘူဆာ(Martin Bucer)အပါအဝင်ဖြစ်သည်။

**လိုက်ပဇစ်မြို့အငြင်းပွားမှု**

ယ္ခုအခါ ရိုမန်ကက်သလစ်ဂိုဏ်းသည် မာတင်လူသာပြဿနာကို ဂရုတစိုက်ဖြစ်လာပါသည်၊ ပရေရီယို ဟုခေါ်သော ဘုန်းကြီးကို လူသာ ဘာသင်ပေးကြောင်းတခုမကျန် စုံစမ်းစစ်ဆေးဖို့ ခန့်အပ်ပါသည်။ ထိုဘုန်းကြီးက လူသာ၏ အချက်(၉၅)ချက်ကိုဆန့်ကျင်သော စာစောင်များထုတ်ဝေပါသည်။ သို့သော် သူ၏အဓိကခုခံကာကွယ်သည့်ရှုထောင့်မှာ ပုတ်ရဟန်းမင်းများသာ အဓိကအာဏာပိုင်ဖြစ်သည်ဆိုသည်ဖက်မှ ဖြစ်ပါသည်။

ရိုမန်ကက်သလစ်ဂိုဏ်း၏သွန်သင်ချက်များကို မခံယူသူ၊ ပုတ်ရဟန်းမင်းကို မမှားယွင်းနိုင်သူဟု လက်မခံသူ၊ ပုတ်ပြောသမျှသည် ယုံကြည်ခြင်း၏ဥပဒေသဖြစ်သည်ဟု လက်မခံသူတိုင်း၊ ကျမ်းစာများသည် မိမိတို့၏ဩဇာအာဏာကို ပုတ်ရဟန်းမင်းများထံမှသာ ရရှိကြသည်ကို လက်မခံသူတိုင်းသည် မှားယွင်းခြင်းကို သင်ပေးကြသူများဖြစ်သည်ဟု ထိုစာစောင်များက ဝေဖန်ပြစ်တင်ပါသည်။

ထို့နောက် လူသာကို သူ၏သွန်သင်ခြင်းများအား ရောမမြို့တော်တွင် စစ်ဆေးမည်ဟု ဆင့်ခေါ်ကြပါသည်၊ လူသာနေထိုင်သော ဆက်စွန်ပြည်နယ်ပြည့်ရှင် ဖရက်ဒရစ်ကို လူသာအား ရောမမြို့သို့ စေလွှတ်ပါဟု စေခိုင်းပါသည်။ သို့သော် ဖရက်ဒရစ်က ငြင်းဆန်ပါသည်၊ ထို့နောက် ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)ခေတ်တလျှောက် လူသာအား ကာကွယ်ပေးသူ ဖြစ်လာခဲ့ပါသည်။

လိုက်ပဇစ်မြို့ အငြင်းပွားခြင်းကို ၁၅၁၉ ခု ဇွန်လ ၂၇ မှ ဇူလိုင်လ ၁၅ ရက်နေ့ထိ ပြုလုပ်ပါသည်။ အငြင်းပွားမှုအားလုံးထဲတွင် အကြီးကျယ်ဆုံးဖြစ်ပါသည်။ အဓိကအငြင်းပွားသူများမှာ မာတင်လူသာနှင့် ဂျွန်အက်ခ် ဆိုသူတို့ဖြစ်သည်။ ဂျွန်အက်ခ်သည်၊ အလွန်ကျွမ်းကျင်သော ပြောဆိုသူ၊ စကားရည်လုသူ၊ ရိုမန်ကက်သလစ်ဂိုဏ်းအတွက် အသက်ကိုပင်ပေးထားသူဖြစ်ပါသည်။

ငြင်းခုံ၏ခြင်းနည်းစနစ်များအရကြည့်လျှင်၊ လူသာ ရှုံးပါသည်။ သူသည် ဂွန်ဟပ်စ်နောက်လိုက်ဟု အစွပ်စွဲခံရသည်၊ အတင်းအကြပ်ဝန်ခံမှု ပြုစေခြင်းခံရသည်။

သို့သော် ထိုရပ်တည်ချက်များသည် ဘုရားသခင်မှ လူသာအား ရပ်တည်စေချင်သောနေရာများဖြစ်ကြပါသည်။ ဂွန်အက်ခ်၏ ကျွမ်းကျင်လှသောငြင်းခုံခြင်းများကြောင့်၊ လူသာသည် တလှမ်းချင်း၊ ကက်သလစ်အသင်းတော်ကောင်စီများ၏ မမှားနိုင်ခြင်းအယူအဆကို ငြင်းပယ်လာပါသည်၊ ပုတ်ရဟန်းမင်းသာ ဩဇာအာဏာအရှိဆုံးဆိုသောအိုင်ဒီယာကို ငြင်းပယ်လာပါသည်၊ ဘုန်းကြီးများက ကယ်တင်ခြင်းရရန် ကြားဝင်ဆောင်ရွက်ပေးကြသည်ဆိုသောအိုင်ဒီယာကိုလည်း မှားသည်ဟု ဝန်ခံလာပါသည်၊ ဘုန်းကြီးကျောင်းများထဲတွင် အကျင့်စာရိတ္တပျက်ပြားနေသောဘုန်းကြီးများသည်၊ ပြင်ပရှိဘုရားသခင်အားကြောက်ရွံ့ရိုသေသူများထက် ကိုယ်ကျင့်တရားပိုမြင့်ပါသည်ဟုယူဆသော ရှုးကြောင်ကြောင်အမြင်များအားလုံးကိုလည်း ငြင်းပယ်လာခဲ့ပါသည်။ ထိုသို့ဖြင့် နောက်ဆုံးတွင် လူသာသည် ဘုရားသခင်က သူ့ကိုရပ်တည်စေချင်သောနေရာတွင် ရပ်တည်နေသူဖြစ်လာပါတော့သည်၊- ကျမ်းစာသည်သာ လုံးဝဩဇာအာဏာရှိသည်၊ ကျမ်းစာကသာ ယုံကြည်လျှက်မည်သို့အသက်ရှင်ရမည်ဆိုသောဥပဒေသကိုပေးသည်၊ ၎င်းသည်သာ ဘုရားသခင့်ရှေ့တွင် ကောင်းမြတ်သည်၊ ယုံကြည်သူအားလုံးသည် ယဇ်ပုရောဟိတ်များဖြစ်ကြသည်(တိုက်ရိုက်ဘုရားသခင်ထံ ဆုတောင်းနိုင်ကြသည်) စသည်တို့ကို ဝန်ခံချက်ပြုနေသကဲ့သို့ဖြစ်လာပါသည်။ ထိုအငြင်းပွားမှုအားဖြင့် လူသာသည် သူယုံကြည်သောလမ်း၏ နောက်ဆုံးတွဲရလဒ်များကို ကွက်ကွက်ကွင်းကွင်းမြင်လာစေဖို့ ဖြစ်လာရပါသည်။

**ဝါမ်းမြို့သူကောင်းမျိုးနွယ်များညီလာခံ**

၁၅၂၀၊ ဇွန်လ တွင် ဂွန်အက်ခ်၏သတင်းပို့ချက်များအရ၊ ရောမမြို့တော်မှ မာတင်လူသာအား အသင်းတော်မှထုတ်ပယ်ခြင်းစာကို ထုတ်ပြန်ပါသည်။ ဂျာမန်လူထုက မာတင်လူသာနောက်တွင် ရှိနေကြသဖြင့်၊ ထိုထုတ်ပြန်ချက် မာတင်လူသာ အပေါ်သက်ရောက်ဖို့ မဖြစ်နိုင်အောင်ဖြစ်ရပါသည်။ နောက်ဆုံးတွင် ထိုထုတ်ပြန်ချက်ကို လူသာထံ မရောက်ရောက်အောင်ပို့ကြပါသည်၊ လူသာက ၎င်းထုတ်ပြန်ချက်ကို ဝှစ်တင်းဘာ့ဂ်မြို့လမ်းမပေါ်တွင် ထိုနှစ် ဒီဇင်ဘာလ၌ လူသိရှင်ကြား မီးရှို့ပစ်လိုက်ပါသည်။ ထိုသို့ပြုခြင်းသည် လမ်းလွဲနေသောအသင်းတော်နှင့် လူသာ လုံးဝ ကွဲသွားခြင်းဖြစ်ပါသည်။

ထိုသူကောင်းမျိုးနွယ်များညီလာခံသည် ဂျာမနီနိုင်ငံမှ ပြည်နယ်များကို အုပ်ချုပ်ကြသည့် မူးမတ်သူကောင်းမျိုးနွယ်များအားလုံးတက်ရောက်သော ညီလာခံကြီးဖြစ်ပါသည်။ ထိုအချိန်ကလက်ရှိအာဏာပိုင် ပုတ်ရဟန်းမင်း ထိုညီလာခံတွင် ရိုမန်ကက်သလစ်ဂိုဏ်းမှ ဘုန်းတော်ကြီးမျိုးစုံ၊ မိမိတို့၏ ဝတ်စုံများအပြည့်ဆင်မြန်းကာ တက်ရောက်ကြပါသည်။ ပုတ်ရဟန်းမင်း၏အမိန့်တော်ကို မဖြစ်မနေ လိုက်နာကြရန် လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်အခိုင်အမာချကာ လာရောက်ကြခြင်းဖြစ်သည်။ ဥရောပမင်းညီမင်းသားများက သန့်ရှင်းသောရောမအင်ပိုင်ယာပြည့်ရှင်အဖြစ် ရွေးကောက်တင်မြှောက်ထားကြသည့် ပဥ္စမမြောက်ချားလ်ဘုရင်လည်း ထိုနေရာသို့ သူ့ခုံရုံးဖြင့် တက်ရောက်တော်မူပါသည်။ ညီလာခံ၏ရည်ရွယ်ချက်မှာ ဖြစ်နိုင်ပါက "ဂျာမန်တို့ပြဿနာ"ဟုခေါ်သည့်အရာကို ပြီးပြတ်အောင် ဖြေရှင်းဖို့ဖြစ်ပါသည်။

ထိုသို့အရေးကြီးလှသောအချိန်တွင် ဘုရားသခင်က အသင်းတော်၏အမှုကိစ္စများအားဖြစ်စေပုံမှာ တဦးတည်းကသာ ဘုရားသခင့်အမှန်တရားအတွက် ရပ်တည်ရန်ဖြစ်နေပါသည်။ လူအများကြီးထဲမှ တဦးတည်းသာ ရပ်တည်ရပါသည်။ ဝါမ်းမြို့ညီလာခံတွင် လူသာတယောက်တည်းကသာ ဘုရားသခင်အတွက် ရပ်တည်ခဲ့ပါသည်။ လူသာတယောက်တည်းနှင့် ရိုမန်ကက်သလစ်တဂိုဏ်းလုံး ဖြစ်ပါသည်။ လူသာ့ကို ဘာသာရေးခုံရုံး(အင်ခွီစီးရှင်း)၏ရက်စက်မှုများဖြင့် ချိန်းခြောက်ခဲ့ကြပါသည်။ လူသာတဦးတည်းက အင်ပါယာကြီး၏ခွန်အားကို ဆန့်ကျင်ရပ်တည်ခဲ့ပါသည်။ လူသာတယောက်တည်းပါလေ။

သူသည်၊ အင်ပါယာပြည့်ရှင်မှ ဘေးကင်းရမည်ဆိုသောကတိဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် လူသာနှင့်သူ့သူငယ်ချင်းများက ထိုသို့သော ကတိပေးမှုမျိုးသည် ဘုရားသခင့်ရှေ့တော်မှောက်တွင် သန့်ရှင်းမြင့်မြတ်သောအရာဖြစ်ပါသော်လည်း၊ ရိုမန်ကက်သလစ်ဂိုဏ်းကဲ့သို့ အရေခြုံများထံ၌မူ ဘာသက်ရောက်မှုမှမရှိကြောင်းကို သေချာစွာနားလည်နေခဲ့ကြပါသည်။ သူငယ်ချင်းများက မသွားပါနှင့်ဟု တောင်းဆိုကြသောအခါ၊ လူသာက ခရစ်တော်၏အမှုတော်မြတ်က သွားဖို့လိုအပ်သည်ဟု တောင်းဆိုပါသည်၊ ဝါမ်းမြို့ရှိခေါင်မိုးတိုင်း၏ အုတ်ကြွပ်ပြားများက နတ်ဆိုးများဖြစ်ကြပါစေဦးတော့၊ သူ သွားကိုသွားပါမည်ဟု ပြန်ဖြေခဲ့ပါသည်။ သူကွယ်လွန်ခါနီးတွင်၊ ထိုစဉ်ကအဖြစ်အပျက်များကို ပြန်ပြောင်းသတိရလျှက်၊ "ငါ လုံးဝမကြောက်ခဲ့ပါ၊ ငါ ဘာကိုမှမကြောက်ခဲ့ပါ၊ ဘုရားသခင်ကသာ ထိုမျှသတ္တိကောင်းအောင် လုပ်ပေးနိုင်ပါသည်၊ ယခုချိန်ပြန်သွားခိုင်းလျှင် ထိုစဉ်ကကဲ့သို့ ပျော်နေနိုင်ပါဦးမည်လား မသေချာတော့ပါ"ဟု လူသာက ပြောခဲ့ပါသည်။

ထိုညီလာခံတွင် မိမိဘာကိုယုံကြောင်း ခုခံကာကွယ်ခွင့်မရခဲ့ပါ။ စားပွဲပေါ်တင်ထားသောစာအုပ်များကို သူရေးပါသလား? ဟုသာ အမေးခံရပါသည်။ သူရေးပါသည်ဟု ဝန်ခံသောအခါ၊ သူသင်ခဲ့သမျှအတွက် နောင်တရပါမည်လား?ဟု ထပ်အမေးခံရပါသည်။

ထိုအချိန်သည် အလွန် တည်ကြည့်လေးနက်သောအချိန်ဖြစ်ခဲ့ပါသည်။ မင်းညီမင်းသား၊ သူကောင်းမျိုးများပြည့် ညီလာခံကို လူသာ အံ့ဩမင်တက်မိခဲ့ရပါသည်၊ တုန်လှုပ်ကာ၊ စိတ်လှုပ်ရှားခဲ့ရပါသည်။ သူ့ဘဝကို အဆုံးသတ်စေမည့် မေးခွန်းများကို ပြင်ဆင်မှုမရှိဘဲ ထိပ်တိုက်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် ညီလာခံကို သူ့အား တနေ့ စဉ်းစားချိန်ပေးဖို့ တောင်းဆိုခဲ့ပါသည်။ အနည်းငယ် ဆွေးနွေးကြပြီးနောက်၊ အင်ပါယာပြည့်ရှင်က ခွင့်ပြုခဲ့သည်။ အချို့ကဆိုလျှင် သူလဲကျတော့မတတ်ဖြစ်ခဲ့ပါသည်ဟု ပြောကြပါသည်။ သူ့ရန်သူများ အားရဝမ်းသာဖြစ်ခဲ့ကြချိန်ပင်။

တနေ့တာအနားယူရခြင်းက သူ့အား ပြန်လည်ခွန်အားပြည့်စေကာ၊ ရဲဝံ့လာစေပါသည်။ ထိုညတွင် သူငယ်ချင်းတဦးထံ စာရေးခဲ့ပါသည်၊- "ငါ နည်းနည်းကလေးမှ ပြန်မရုပ်သိမ်းနိုင်ပါ၊ ထို့ကြောင့် ခရစ်တော်က ငါ့ကို ကူညီတော်မူလိမ့်မည်။"

နောက်တနေ့သည်ကား သူ့ဘဝအတွက် အရေးကြီးဆုံးနေတနေ့ဖြစ်ပါသည်။

ညီလာခံခန်းမသို့လာစဉ်၊ အိုမင်းလုပြီဖြစ်သော စစ်သူရဲတဦးက လက်ခုပ်တီးလျှက် ဤသို့ပြောပါသည်၊- "အကျွန်ုပ်၏ဆင်းရဲသော ဘုန်းတော်ကြီး၊ အကျွန်ုပ်၏နွမ်းပါးလှသော ဘုန်းတော်ကြီး၊ အသင်သည် ကျွန်ုပ်နှင့်လက်နက်စုံတွင်ချံပီယံဖြစ်ကြသူများက၊ အပူလောင်ဆုံးတိုက်ပွဲများတွင်ပင် မလုပ်ရဲကြသော ရပ်တည်မှုကို ပြုတော့မည်ဖြစ်သည်။ အသင့်ရပ်တည်ချက်သည် ဖြောင့်မှန်သည်ဟု သေချာလျှင်၊ ဘုရားသခင့်နာမတော်ဖြင့် ဆက်သွားပါလော့၊ ဘုရားသခင်က သင့်ကို စွန့်ပစ်မည်မဟုတ်။"

ပဏာမပြောဆိုခြင်းများပြုပြီးသော်၊ အသင့်ရပ်တည်ချက်ကို မရေမရာမဖြစ်ဘဲ ရှင်းလင်းစွာတင်ပြပါဟု စေခိုင်းကြပါသည်၊ ထိုအခါ ဖတ်ရလေတိုင်း ပြည်လည်ပြုပြင်ခြင်း(ရီဖော်မေးရှင်း)၏သားသမီးတိုင်း၏ ရင်ကို လှုပ်ခတ်စေသော ဤစကားများကို ရေရွတ်လိုက်ပါတော့သည်၊ သို့သော် ထိုစကားများက သူ့ရန်သူများကိုတော့ အံ့ဩတုန်လှုပ်ခြင်းနှင့်ချောက်ချားခြင်းများကို ဖြစ်စေခဲ့ပါသည်။

"အကျွန်ုပ်အား ကျမ်းစာတော်မြတ်၏သက်သေခံခြင်းများက ငြင်းဆန်ခြင်း၊ သဘောပေါက်စေခြင်းများကို မပြုခဲ့ပါလျှင်၊ (သို့) ရှင်းလင်းလှသော အကျိုးသင့်အကြောင်းသင့်တွေးဆွေးခြင်းက သဘောမပေါက်စေပါလျှင် (အဘယ့်ကြောင့်ဆိုသော် ပုတ်ရဟန်းမင်းတို့၏ ပြောဆိုခြင်းများသည် တခုနှင့်တခုဆန့်ကျင်နေတတ်ကြသလို၊ အသင်းတော်ကောင်စီများ၏ ဆုံးဖြတ်ချက်များသည်လည်း တခုနှင့်တခု ရှေ့နောက်မညီဆန့်ကျင်နေတတ်ကြသည်ကို အကျွန်ုပ်တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်)၊ အကျွန်ုပ်အား အကျွန်ုပ်ကိုးကားခဲ့သော ကျမ်းစာများက အနိုင်ယူကြပြီးဖြစ်ပါသည်၊ အကျွန်ုပ်၏သြတ္တပ္ပစိတ်သည် ထိုကျမ်းစာများနှင့်တုတ်နှောင်ထားပြီး ဖြစ်နေပါပြီ၊ ထို့အတွက်ကြောင့် အကျွန်ုပ်သည် ဘာတခုအတွက်မျှ နောင်တမရနိုင်ပါ၊ နောင်တလည်းမရပါ၊ အဘယ့်ကြောင့်ဆိုသော် လူတဦးသည် မိမိ၏သြတ္တပ္ပစိတ်ကို ဆန့်ကျင်လျှက် တစုံတခုကိုပြုလျှင်၊ အလွန်အန္တရယ်ကြီးသလို၊ လုံခြုံမှုလည်းမရှိနိုင်ပါ၊ ဘုရားသခင်က အကျွန်ုပ်ကို ကူညီတော်မူပါလိမ့်မည်၊ အာမင်။"

ရိုမန်ကက်သလစ်ဂိုဏ်းကိုယ်စားလှယ်များက အင်ပါယာပြည့်ရှင် ချားလ်စ် အား၊ သူပေးထားသည့် မာတင်လူသာ အန္တရယ်ကင်းစွာပြန်ရမည်ဟူသော ကတိစကားအား ဖျက်ပစ်ဖို့နှင့် လူသာအား ဖမ်းဆီးဖို့ မြောက်များလှသော၊ မျိုးစုံလှသော ဖိအားများကို ပေးခဲ့ကြပါသော်လည်း၊ ချားလ်စ် ဘုရင်က ငြင်းဆန်ခဲ့ပါသည်။ သမိုင်းပညာရှင်များက၊ ချားလ်စ်ဘုရင် ထိုကဲ့သို့ ငြင်းဆန်ရခြင်းသည်၊ ဂျွန်ဟပ်စ်ကို ထိုခေတ်အာဏာပိုင် ဘုရင် စီဂျီစမန့်က ထိုသို့ကတိပေးခဲ့သော်လည်း နောက်ဆုံးတွင် ကတိဖျက်ကာ၊ ကက်သလစ်ဂိုဏ်းလက်သို့ အရှင်လတ်လတ် မီးရှို့သတ်ဖို့ အပ်ခဲ့ရာ၊ ထိုအဖြစ်အတွက် အလွန်အရှက်ရသဖြင့် နီရဲနေသော ဘုရင်စီဂျီစမန့်၏မျက်နှာကို သတိရနေသဖြင့်ဟု မှတ်ချက်ပြုကြပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ လူသာကို အင်ပါယာ၏သြဇာအာဏာကြီးက ကာကွယ်ထားခဲ့ခြင်းဖြစ်ပါသည်။

## ဝါ့ဘာ့ဂ်ရဲတိုက်တွင်နေထိုင်ခြင်း

ဆက်စွန်နယ်စား ဖရက်ဒရစ်က၊ လူသာအား ကက်သလစ်လူသတ်သမားများက နောက်ပိုင်းတွင် ဖမ်းဆီးမည်စိုးသောကြောင့်၊ မိမိသူငယ်ချင်းများမှတဆင့် လူသာ့ကို ပြန်ပြေးဆွဲကာ ဝါ့ဘာ့ဂ်ရဲတိုက်ကြီးထဲတွင် နေထိုင်စေပါသည်။ ထိုနေရာတွင် လူသာ ၁၁ လ တိတိ နေထိုင်ခဲ့ပါသည်၊ အဆက်မပြတ်စာများရေးသားနေခဲ့ပါသည်။ အဓိကသူရေးခဲ့သည်မှာ ဓမ္မသစ်ကျမ်းအား ဂျာမန်ဘာသာသို့ ပြန်ဆိုရေးသညားခြင်းဖြစ်သည်။ (ဓမ္မဟောင်းကျမ်းကို နောက်ပိုင်းမှဘာသာပြန်ရာ၊ ၁၅၃၄ တွင် သူ့နောက်လိုက်တစုအားဖြင့်သာ ပြီးစီးခဲ့ပါသည်။) ထိုအချက်သည် အံ့ဩဖွယ်ပြီးမြောက်စေမှုဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် လူသာသည် ကျမ်းစာကို ဘုရားသခင့်လူများ တိုက်ရိုက်ဖတ်နိုင်ရန် ပေးအပ်ခြင်းဖြစ်သဖြင့် ဖြစ်သည်၊ ထို့အပြင် သူသည် သူ့နောက်ရာစုနှစ်များစွာအသုံးပြုမည့် ဂျာမန်ဘာသာစကားကိုလည်း ပြဋ္ဌာန်းခဲ့ခြင်းဖြစ်နေပါသည်။

ဝိညာဉ်အစွန်းရောက်၊ ဂန္ထီယဆန်ဆန် ဇွစ်ကောင်းပရောဖက်များက သူ၏မြို့ ဝုစ်တင်းဘာ့ဂ်ကို နှောက်ယှက်ကာ မငြိမ်မသက်ဖြစ်နေစေကြသည်ဆိုသည့်သတင်းကြားမှ သူသည် သူ့မြို့သို့ ပြန်လာခဲ့ပါသည်။ တရားဟောခြင်းက ရီဖော်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)ဖြစ်စဉ်တလျှောက် မည်မျှအရေးပါသောကဏ္ဍမှ နေရာယူခဲ့ကြောင်း ကျွန်တော်တို့ကို အံ့ဩစေပါသည်။ မာတင်လူသာက ထိုရူးကြောင်ကြောင်(ခရယ်စမက်တစ်)အစွန်းရောက် ပရောဖက်များကို ဝုစ်တင်းဘာ့ဂ်ဘုရားကျောင်းပလ္လင်မှ တရားဟောချက်(၈)ခုဟောကြားခြင်းဖြင့်၊ ဝုစ်တင်းဘာ့ဂ်မြို့မှ ထွက်သွားစေခဲ့နိုင်ခြင်းကို ကြည့်လျှင် သိသာလှပါသည်။

လူသာ ဝုစ်တင်းဘာ့ဂ်သို့ပြန်လာပြီး၊ သူသေဆုံးသည်အထိ၊ ဂျာမနီနိုင်ငံသည် စစ်နုတ်ခမ်းနားတွင်သာ လျှောက်နေခဲ့ပါသည်၊ ပရိုတက်စတင့်မင်းညီမင်းသားများနှင့်၊ ကက်သလစ်ဂိုဏ်းထောက်ခံသူမင်းညီမင်းသားများအကြားတွင်ဖြစ်သည်။ ထိုအချိန်များသည် အန္တရယ်များသော၊ ရုန်းကန်နေခဲ့ရချိန်များဖြစ်ခဲ့ပါသည်။ သို့သော် မာတင်လူသာ သေဆုံးပြီးမှသာ၊ နှစ်သုံးဆယ်စစ်ဖြစ်ပွားခဲ့ပါသည်၊ ထိုစစ်ကြောင့် ဂျာမနီသည် ဖွတ်ဖွတ်ညက်ညက် ကြေခဲ့ရပါသည်။

## လူသာ တရားဟောဆရာ

လူသာသည် တရားဟောဆရာစစ်စစ်ဖြစ်ပါသည်။ ထိုအချက်က ကျွန်တော်တို့ကို မအံ့ဩစေသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် တရားဟောခြင်းသည် တခုတည်းသာဖြစ်သောအသင်းတော်၏တန်ခိုးစွမ်းအားဖြစ်၍ ဖြစ်ပါသည်။ ရီဖော်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)ကို တရားဟောခြင်းနည်းလမ်းမှလွဲ၍ အခြားမည်သည့်နည်းလမ်းနှင့်မျှ ဖြစ်မလာစေနိုင်ပါ။ လူသာ၏တရားဟောခြင်း

များသည် ကျမ်းစာကိုအနက်ဖွင့်ဟောကြားခြင်းဖြစ်ပါသည်၊ သို့သော် အလွန့်အလွန်ရိုးစင်းသောဟန်ဖြင့် ဟောကြားခြင်းဖြစ်သည်၊ ထိုသို့ဖြင့်သာ ဘုရားသခင်၏အမှန်တရားသည် ရိုးစင်းသောဘုရားသခင့်လူတို့၏ နှလုံးသားများထဲတွင် အသက်ရှင်နိုင်ပါမည်ဟု လူသာက ပြောခဲ့ပါသည်။ လူသာ၏တရားဟောခြင်းများက သူ၏တောနေဘဝမှလာခဲ့သူဖြစ်ခြင်းကို ထင်ဟပ်နေပါသည်။

လူသာ၏တရားဟောခြင်းများမှ အံ့ဩစရာကောင်းသောအရာတခုမှာ၊ တရားဟောခြင်းတိုင်း၌ သူ့အသင်းတော်ကို လက်ဝါးကပ်တိုင်အောက်သို့ အမြဲတမ်းခေါ်သွားခြင်းဖြစ်ပါသည်။ ထိုသို့မလုပ်သော လူသာ၏တရားဟောခြင်းကို ရှာ၍မရသလောက်ပင် ဖြစ်ပါသည်။ သူကိုယ်တိုင်ကပင် သိနားလည်ခြင်းအားလုံးကိုကျော်လွန်သော ငြိမ်းချမ်းမှုအား လက်ဝါးကပ်တိုင်ခြေရင်း၌သာ တွေ့မြင်ခဲ့သဖြင့်၊ လူသာသည် ဘုရားသခင့်လူများကို ထို ကယ်တင်ရှင်အသေခံတော်မူရာ၊ ဝေဒနာများခံစားတော်မူခဲ့ရာ လက်ဝါးကပ်တိုင်သို့ အမြဲပို့ဆောင်နေခဲ့ခြင်းဖြစ်ပါသည်။

လူသာ၏တရားဟောချက်များ ယနေ့တိုင်အောင် အများအပြားတွေ့နိုင်ပါသည်။ ၎င်းတို့ကို ဖတ်သင့်ပါသည်။ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)အချိန်ကာလမှ ရုန်းကန်ရသည့်အခက်အခဲများကို ထိုတရားဟောချက်များထက် မည်သူကမျှ ပြောမပြနိုင်ကြပါ။ လူသာဟောကြားခဲ့သော တရားဟောချက်များက ခရစ်တော်-ဗဟိုပြုတရားဟောချက်များလောက် ဝိညာဉ်တော်၏တန်ခိုးတော်ကို မည်သည်ကမျှမပြနိုင်ကြောင်း ပြောပြနေကြပါသည်။

**လူသာ စာရေးဆရာ**

လူသာရေးခဲ့သောစာများ အတွဲများစွာဖြစ်အောင်ကို များပြားလှပါသည်။ ကျွန်တော်တို့စာကြည့်တိုက်တွင် အဆွဲပေါင်း ၅၄ တွဲရှိပါသည်။ အချို့သောစာများသည် အလွန်ပြောင်မြောက်သောစာများဖြစ်ကြပါသည်၊ ဘုရားသခင့်လူများက အနေးနှင့်အမြန်ဖတ်ရမည့်စာများဖြစ်ကြပါသည်။ သူ၏ "အလိုဆန္ဒကျွန်ဖြစ်နေခြင်း"(*Bondage of the Will*)စာအုပ်တွင် လူသာသည် "လူသာပဓါနဝါဒီများ၏ဘုရင်"(Prince of the Humanists) ဒီစီဒါးရီးယပ်စ် အီရာ့စ်မတ်စ် သွန်သင်သော အလိုဆန္ဒ၏လွတ်လပ်ခြင်း(freedom of the will)အယူဝါဒအမှားကို ငြင်းပယ်ထားပါသည်။ ထိုစာအုပ်သည် လူသာနှင့် လူသာပဓါနဝါဒ(Humanism)၏ လမ်းခွဲဖြစ်ပါသည်၊ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)၏ကြီးမြတ်သောစာအုပ်များထဲမှ တအုပ်ဖြစ်သည်။

လူသာရေးခဲ့သည့် ကြီးကျယ်သောစာစောင်သုံးခုက လူသာရန်ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)၏ အခြေခံအမှန်တရားများကို သေချာစွာတင်ပြထားပါသည်။ "ဂျာမန်သူကောင်းမျိုးနွယ်များသို့လိပ်မူခြင်း"(Address to the German Nobility) စာအုပ်တွင် ယုံကြည်သူအားလုံးသည် ယဇ်ပုရောဟိတ်မင်းများဖြစ်ကြသည်ဆိုသောဩဝါဒ(the doctrine of the priesthood of all believers)ကို သေချာတင်ပြဆွေးနွေးထားပါသည်။ "အသင်းတော်၏ဗာဗုလုန်တွင်ကျွန်ဖြစ်ခြင်း"(Babylonian Captivity of the Church)စာအုပ်တွင် ရိုမန်ကက်သလစ်ဂိုဏ်း၏ဘာသာရေးထုံးစံများ၏မှားယွင်းခြင်းများကို သူ့ဘဝအတွေ့အကြုံဖြင့် ဝေဖန်ပိုင်းခြားပြပါသည်။ "ခရစ်ယာန်တဦး၏လွတ်လပ်ခြင်း"(Freedom of the Christian Man)စာအုပ်တွင် ခရစ်ယာန်၏လွတ်လပ်မှုကို ရှင်းလင်းစွာရေးသားပြခဲ့ပါသည်။

အကယ်၍တစုံတဦးက လူသာ၏ အင်မတန်ရိုးစင်းသောဟန်ပန်၊ ဟိတ်ကြီးဟန်ကြီးမလုပ်မှုဟန်ပန်ကို သိချင်ပါသည်ဆိုလျှင်၊ "အလာပသလ္လာပ"(Table Talks)စာအုပ်ကိုကောက်ဖတ်လိုက်ယုံသာဖြစ်ပါမည်။ ထိုစာအုပ်တွင် လူသာသည် ဘဝ၏အကြောင်းအရာရှိရှိသမျှကို ရိုးစင်းလှသောရှင်းပြမှု၊ ကျမ်းစာမှလာသောအတွေးများဖြင့်၊ ဟာသမြောက်စွာစေဖန်ကောက်ချက်ချလျှက် ပြောပြထားပါသည်။ ခပ်ကြမ်းကြမ်းတောသူတောင်သားများကပင် ကျေနပ်လှသောပြောဆိုချက်များဖြစ်ကြပါသည်။

**လူသာ = မိသားစုကိုအလေးထားသူ ဖခင်နှင့်ခင်ပွန်းသည်**

မိသားစုကိုအလေးထားလွန်းသည့်ရှုထောင့်မှနေ၍ လူသာ၏ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)အကြောင်းကို စာတအုပ်ရေးထိုက်ပါသည်။ လူသာသည် ဘုန်းကြီးကျောင်းတွင်ပြုသော ကိုန်ဆိုခြင်းကို စွန့်ပစ်ခဲ့ယုံသာမကပါ၊ သူသည် ကက်သရင်းဗွန်ဘိုရာ(Catherine von Bora)ဆိုသည့်အမျိုးသမီးကို အိမ်ထောင်ပြုခဲ့ပါသည်။ သူမသည်လည်း ယခင်က သီလရှင်ဖြစ်ခဲ့ပါသည်။ သူမကိုယ်ပိုင်အယူအဆနှင့် အိမ်ထောင်စုအတွင်း မိမိ၏အခွင့်အရေးရပိုင်ခွင့်ကို နားလည်သူ ထူးချွန်သောအမျိုးသမီးဖြစ်ပါသည်။ မာတင်လူသာက ကက်သရင်းကို လက်ထပ်သောနေ့တွင် ဤသို့ပြောခဲ့ပါသည်၊ ငါအိမ်ထောင်ပြုခြင်းသည် "အဖေ့ကို ဝမ်းသာစေဖို့၊ ပုတ်ရဟန်းမင်းကို နောက်ဖို့၊ နတ်ဆိုးကို စိတ်ဆိုးစေဖို့။" သူမကို လူသာက ချစ်စနိုးဖြင့် "ကိတ်၊ ငါ့နံရိုး"ဟုခေါ်တတ်ပါသည်။ တခါတရံ သူမသည် စိတ်ပူစွာဖြင့် အိမ်ထောင်စုကို ထိန်းသိမ်းရလေ့ရှိပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဧည့်သည်များ အိမ်အပြည့် ဆူညံစွာရှိနေလျှက်၊ ဘယ်တော့မှ ဝင်ငွေက လောက်သည်မရှိ ဖြစ်ပါသည်။ သူတို့ထံတွင် သားသမီးခြောက်ဦး ထွန်းကားခဲ့သည်။ သားသုံးယောက်၊ သမီးသုံးယောက်ဖြစ်သည်၊ သမီးသုံးဦးမှ နှစ်ဦးမှာ ငယ်စဉ်ကပင် သေဆုံးခဲ့ပါသည်။ အထူးသဖြင့် သမီးငယ် လီနာ(မက်ဒလင်း)ကွယ်လွန်မှုက လူသာကို များစွာစိတ်ထိခိုက်စေပါသည်။ သမိုင်းပညာရှင် ရှပ် က ထိုစဉ်မြင်ကွင်းကို ယွှလိုဖေါ်ပြပါသည်၊-

"သူကို ငါအတော်ချစ်သည်၊"ဟုပြောပြီး ဆုတောင်းပါသည်၊ "သို့သော် အို ဘုရားသခင်၊ ယွှချိန်ပင် သူမကို ယူသွားဖို့ သန့်ရှင်းသော အလိုတော်ရှိပါသည်ဆိုလျှင်၊ အကျွန်ုပ်သည် သူမကို ကိုယ်တော်ထံထားခဲ့ပါမည်၊" ထို့နောက် သမီးထံ ဤသို့ပြောပြန်ပါသည်၊ "ချစ်ရသော လီနာ၊ ငါ့ချစ်သမီးငယ်လေး၊ သင့်ဖခင်ငါနှင့်အတူ သင်ဤနေရာတွင် နေချင်ပါသေးသလော? သို့မဟုတ်၊ ကောင်းကင်ဘုံမှဖခင်ကြီးထံသို့ ပြန်ချင်ပါသလော? သမီးငယ်ကပြန်ပြောပါသည်၊ "ဘုရားသခင်အလိုတော်ရှိသည့်အတိုင်း ဖြစ်ချင်

ပါသည်။" သမီးငယ်သေဆုံးစဉ် သူသည် သမီးငယ်အိပ်ယာအနား ဒူးထောက်လျှက်၊ သည်းထန်စွာငိုကြွေးလေသည်၊ ထို့နောက် သမီးငယ်၏ကယ်တင်ခြင်းအတွက် ဆုတောင်းပါသည်။ သမီးငယ် အခေါင်းထဲလဲလျှောင်းနေသည်ကိုမြင်သောအခါ ဤသို့ဟစ်အော်ပြန်ပါသည်၊ "အိုး ချစ်ရသော သမီးငယ်လီနာ၊ သင်သည် တနေ့သော်ထမြောက်လိမ့်မည်၊ ကြယ်စင်ကဲ့သို့ လင်းလက်ပါလိမ့်ဦးမည်၊ မှန်သည် နေကဲ့သို့လင်းလက်မည်၊ ငါ ဝိညာဉ်၌တော့ ဝမ်းသာပါသည်၊ သို့သော် အသွေးအသား၌မူ အတော်လေးကို ဝမ်းနည်းနေပါသည်။"

လူသာသည် ပညာရေးအကြောင်းကိုလည်း အကျယ်တဝင့်အမြောက်အများ ရေးသားခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်မှကလေးငယ်များအား ပညာသင်ပေးခြင်းသည် သူ့အတွက် အလွန့်အလွန်အရေးကြီးလှပါသည်။ ထိုပညာရေးရှုထောင့်များအကြောင်း သူရေးသားခဲ့ခြင်းများမှ ယနေ့တိုင်အောင် ကျွန်တော်တို့ သင်ခန်းစာများ ရယူနေရသေးသဖြင့်၊ သူသည် သူ့ခေတ်တွင် ခေတ်ရှေ့ပြေးလွန်းသူဖြစ်ပါသည်။

သို့သော် အိမ်တွင် သားသမီးများအား သွန်သင်ခြင်းသည် သူ့ဘဝ၏အစိတ်အပိုင်းတခုအဖြစ် လူသာ့အတွက် အလွန်အရေးကြီးခဲ့ပါသည်။ မာတင်နှင့်ကိတ်တို့၏မိသားစုသည် ဆုတောင်းခြင်းများ၊ ကျမ်းစာလေ့လာခြင်းများ၊ သီချင်းဂီတနှင့်ပတ်သက်သည်များကိုဆွေးနွေးခြင်းများနှင့် ပြည့်နေပါသည်၊ ဘုရားတရားကြောက်ရွံ့ရိုသေသောသူတို့အတွက် စံနမူနာဖြစ်ပါသည်။ လူသာ၏ ဆုတောင်းခြင်းတခု ကျွန်တော့်စိတ်ထဲ ထူးချားစွာ အမြဲတမ်းစွဲနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုဆုတောင်းက သူသည်ဘုရားသခင်နှင့်မည်မျှရင်းနှီးစွာနေထိုင်သည်ကို ပြနေသောကြောင့်ဖြစ်ပါသည်၊ သူ၏ ဘုရားသခင့်ကျေးဇူးတော်အပေါ်သာ မှီခိုရခြင်း၊ အသင်းတော်အပေါ်ထားသော သူချစ်ခြင်း စသည်တို့ကိုလည်း ပြသနေသောဆုတောင်း ဖြစ်ပါသည်။ "အကျွန်ုပ်ချစ်လှစွာသော ဘုရား၊ ယခု အကျွန်ုပ်အိပ်ပါတော့မည်၊ ကိုယ်တော့်အမှုအကြောင်းများကို ကိုယ်တော့်ထံပြန်ပေးပါသည်၊- ကိုယ်တော်သာ အကျွန်ုပ်ထက် ပိုကောင်းအောင် လုပ်နိုင်ပါမည်။ အကယ်၍ ကိုယ်တော်ကသာ အကျွန်ုပ်ထက် ပိုကောင်းအောင် မလုပ်နိုင်ဘူးဆိုလျှင်၊ ထိုအရာများသည် ထာဝရပျက်စီးကြတော့မည်ဖြစ်ပါသည်။ အကျွန်ုပ်ပြန်နိုးလာသော်၊ အကျွန်ုပ်သည် ထိုအမှုအကြောင်းအရာများကို ဝမ်းမြောက်စွာ ပြန်လုပ်ပါဦးမည်၊ အာမင်။"

လူသာသည် သူ့မိသားစုဘဝဖြင့်၊ စစ်မှန်သော ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)ကို မိသားစု၊ အိမ်ထောင်စုထဲသို့ ယူဆောင်ပေးခဲ့ပါသည်၊ ရိုမန်ကက်သလစ်ဂိုဏ်းက အားလုံးကိုပျက်ဆီးစေခဲ့သဖြင့် ထိုသို့ပြန်လုပ်ဖို့သည် အလွန်လိုအပ်ပါသည်။ လူသာ၏ မိသားစုဘဝစံနမူနာများသည် ယနေ့တိုင်အောင် ပဋိညာဉ်အိမ်ထောင်စုများထဲ ကျန်နေကြပါသည်။

### လူသာ ရဲဝံ့စွာတိုက်ပွဲဝင်သူ စစ်သူရဲကောင်း

လူသာသည် သတ္တိရှိစွာ၊ နောက်တွန့်သွားခြင်းမရှိ အမှန်တရားအတွက် တိုက်ပွဲများကို ဆင်နွဲခဲ့ပါသည်။ ရိုမန်ကက်သလစ်တို့က ၎င်းတို့၏ဆိုးညစ်မှုများကိုပြသလေတိုင်း၊ လူသာသည် အပြင်းအထန်တိုက်ခိုက်ဖို့ အမြဲတမ်းအဆင်သင့်ဖြစ်နေပါသည်။ သူ၏ လုပ်ဆောင်မှုများဖြင့် အသင်းတော်သည် ရှုပ်ထွေးမှုထဲသို့ ရောက်သွားလေ့ရှိပါသည်။

မှတ်ထားရမည်မှာ သူသည် စစ်မျက်နှာ နှစ်ခုဖွင့်၍တိုက်ရန်လိုအပ်နေခဲ့ခြင်းကိုဖြစ်သည်။ ရိုမန်ကက်သလစ်ဂိုဏ်းက တဖက် ဖြစ်သည်၊ နောက်တဖက်မှာ အတော်လေးသနားစရာကောင်းကြသည် အဲန်နာဘတ်တစ်အစွန်းရောက်များဖြစ်သည်။ ၎င်းတို့ကို ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)၏ လက်ျာစွန်းဂိုဏ်းဟု ခေါ်တတ်ကြပါသည်။ ထိုအစွန်းနှစ်ခုကြား သူ့ကိုယ်သူ ဟန်ချက်ညီအောင် ထိန်းနိုင်ခဲ့ခြင်းကပင် မာတင်လူသာ့ဘဝထဲရှိ ကျေးဇူးတော်၏တန်ခိုးကို ပြနေခြင်းဖြစ်သည်။

သူသည် မိမိ၏သီချင်းဂီတဖြင့် မည်သို့မျှတွန်းလှန်၍မဖြစ်နိုင်ပါဆိုသော ရိုမန်ကက်သလစ်ဂိုဏ်း၏မှားယွင်းခြင်းဩဝါဒနံရံကြီးကို ချိုးဖြတ်ခဲ့ပါသည်။ ကဲလ်ဗင်းကို ပြိုကျနေသော ဂျေရုဆလင်မြို့ရိုးများအား ပြန်တည်ထောင်သူဟု တင်စားကြသော်လည်း၊ လူသာ၏ ရိုမန်ကက်သလစ်တို့အား ပြင်းထန်သောအမြောက်ပစ်သကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းသာ မရှိပါက ဘာမှ လုပ်နိုင်လိမ့်မည် မဟုတ်ပါ။ ထို့အပြင် လူသာသည် အစိုးရတော်မူသောကျေးဇူးတော်ဩဝါဒ၏အခြေခံအုတ်မြစ်များကိုလည်း ချမှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် သူ့နောက်ပေါ်လာသူများက ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်ဖြင့်သာ ရပါသည်ဆိုသောအမှန်တရားကို ပို၍လှပစွာတင်ပြနိုင်ကြခြင်းဖြစ်သည်။

အမြဲတမ်း ကျွန်တော်တို့ကို ဝမ်းနည်းစေသည်မှာ၊ လူသာ၏ ပွဲတော်မင်္ဂလာများအပေါ် မြင်သည့်အမြင်ဖြစ်ပါသည်။ လူသာက ၎င်းတို့ကို သူ့သူငယ်ချင်း ပြန်လည်ပြုပြင်သူများနည်းတူ ပြုပြင်သင့်ခဲ့သော်လည်း သူ မလုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

### လူသာ သေဆုံးခြင်း

သူ့ဇနီး ကိတ်ထံမှ ဝေးလှသောနေရာ၊ သူ၏ဇာတိချက်မြုပ်၊ အိုင်းစ်လီဗန်ဒေသတွင် သူသည် သူချစ်သော၊ သူအမှုဆောင်သော သူ၏သခင်ထံ အသက် ၆၃ နှစ်တွင် ပြန်သွားခဲ့ပါသည်။ ကွယ်လွန်သောနေ့မှာ ဖေဖေါ်ဝါရီ ၁၇၊ ၁၅၄၆ ဖြစ်ပါသည်။ သူသည် အချိန်တော်တော်ကြာဖျားနေကာ၊ ရောဂါမျိုးစုံခံစားနေခဲ့ရပါသည်။ သေမည့်အချိန် နီးကပ်လာသည်နှင့်အမျှ မှတ်သားလောက်သည့်ထူးချားသောဟန်ပံဖြင့် သူ့ဝိညာဉ်ကို ဘုရားသခင်ထံ အပ်နှံပါသည်၊ ဆာလံ ၃၁ မှ စကားလုံးများအားဖြင့် ဖြစ်သည်၊ သူ့အိပ်ရာနားနေကြသူများကိုလည်း သူ့အဖို့ ဆုတောင်းပေးရန် တောင်းဆိုလျှက်ဖြစ်သည်၊ "အဘယ့်ကြောင့်ဆိုသော် ငါတို့ သခင်ဘုရားသခင်နှင့် သူ၏ဧဝံဂေလိတရားအတွက်၊ အရာခပ်သိမ်းသည် သူနှင့်အတူ အဆင်ပြေစွာရှိပါမည်၊ ကက်သလစ်ကောင်စီ ထရင့်နှင့် ကျိန်ခြင်းခံရသောပုတ်ရဟန်းမင်းက သူ့အပေါ် အလွန်ဒေါသထွက်နေသောကြောင့်ဖြစ်သည်၊"ဟု ဆုတောင်းစေခြင်းဖြစ်

**သည်။ သူသည် ရှုမောင်၏ဆုတောင်းကို ရေရွတ်ကာ ကွယ်လွန်ခဲ့ပါသည်** "အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်းကိုယ်တော်၏ ကျွန်သည်ငြိမ်ဝပ်စွာစုတေ့ရသောအခွင့်ကိုကိုယ်တော်သည်ယခုတွင်ပေးတော်မူ၏။ **အာမင်။" (လုကာ ၂း၂၉)**

(Portraits of Faithful Saints, Prof. Herman Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်)**

××××××××××××××××××××××××××××××××

*ကျမ်းစာဘာသာပြန်ကဏ္ဍ (Translation from KJV)*

**ဆာလံ ၁၉း၁–၁၄ (ဂျိန်းဘုရင်မူ)**
*Psalm 19:1-14*

**အတော်ဆုံးအနုပညာရှင်၊ ဒေးဗစ်၏ဆာလံ**
၁ - ကောင်းကင်အထပ်ထပ်က ဘုရားသခင်၏ဘုန်းကျက်သရေကို ကြေညာနေကြပါသည်၊- မိုးမျက်နှာကျက်က သူ၏လက်ရာများကို ဖေါ်ပြနေပါသည်။
၂ - တနေ့မှတနေ့သို့ ပြောဆိုနေပါသည်၊ ညမှညသို့လည်း အသိပညာကို ဖေါ်ပြနေပါသည်။
၃ - သူတို့၏အသံကို မကြားရသော ဘာသာစကား (သို့) ပြောဆိုခြင်းသည် မရှိပါ။
၄ - သူတို့၏ကဗျာသံများသည် တကမ္ဘာလုံးသို့ သွားရောက်ကြပြီဖြစ်သည်၊ သူတို့၏စကားလုံးများလည်း ကမ္ဘာအဆုံးသို့ ရောက်ကြပြီဖြစ်သည်။ သူတို့ကြားတွင် ဘုရားသခင်က နေအတွက် တဲအိမ်ကို တည်ပါသည်၊
၅ - ၎င်းသည် သတို့သားကဲ့သို့ သူ၏အိမ်ခန်းကြီးထဲမှ ထွက်လာပါသည်၊ ပြိုင်ပွဲဝင်ပြေးရန် သန်မာသောယောကျ်ားကဲ့သို့ ဝမ်းမြောက်နေပါသည်။
၆ - သူ၏ထွက်လာသောနေရာသည် ကောင်းကင်အဆုံးသတ်မှဖြစ်ပါသည်၊ သူသည် သူ၏ပတ်လမ်းအတိုင်း ၎င်း၏အဆုံးသတ်များသို့ ပတ်မည်ဖြစ်သည်၊- ၎င်း၏အပူအောက်မှ လွတ်နေသည့်အရာ တခုမှမရှိပါ။
၇ - ဘုရားသခင့်ပညတ်ဥပဒေသည် ပြည့်စုံသည်၊ ဝိညာဉ်ကို ပြောင်းလဲစေသည်၊- ဘုရားသခင့်သက်သေသည် သေချာသည်၊ ရိုးစင်းသူကို ပညာရှိစေသည်။
၈ - ဘုရားသခင်၏ ပြဋ္ဌာန်းသော နည်းဥပဒေများသည် မှန်ကြသည်၊ နှလုံးသားကို ပျော်ရွှင်စေသည်၊- ဘုရားသခင်၏ပညတ်တော်သည် စင်ကြယ်သည်၊ မျက်လုံးတို့ကို လင်းစေသည်။
၉ - ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းသည် သန့်ရှင်းသည်၊ အမြဲတမ်း ခံသည်၊- ဘုရားသခင်၏တရားစီရင်ခြင်းများသည် မှန်ကန်ကာ အတူတကွ ဖြောင့်မတ်ကြသည်။
၁၀ - ရွှေထက် ပို၍ လိုချင်သင့်သည်၊ မှန်သည်၊ စင်ကြယ်လှသောရွှေထက် လိုချင်စရာကောင်းသည်၊- ထို့အပြင် ပျားရည်ထက်လည်း ချိုသည်၊ ပျားလဘို့ထက်လည်း ချိုပါသည်။
၁၁ - ထို့အပြင် ၎င်းတို့အားဖြင့် ကိုယ်တော့်အစေခံသည် သတိပေးခြင်းခံရပါသည်၊- ထို့အတူ ၎င်းတို့ကို စောင့်ရှောက်ထိန်းသိမ်းခြင်းတွင်လည်း ကြီးမားသောဆုလာဘ် ရှိနေပါသည်။
၁၂ - မည်သူသည် မိမိ၏အမှားများကို နားလည်နိုင်ပါသနည်း? အကျွန်ုပ်၏လျှို့ဝှက်သောအမှားများကို ကိုယ်တော် ဆေးကြောပေးတော်မူပါ။
၁၃ - ကိုယ်တော့်အစေခံအား မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲနေသောအပြစ်တို့မှ ပြန်လည်စောင့်ရှောက်ထိန်းသိမ်းပေးတော်မူပါ၊- ၎င်းတို့က အကျွန်ုပ်အပေါ်တွင် မအုပ်စိုးစေပါနှင့်၊- ထိုအခါ အကျွန်ုပ်သည် ဖြောင့်မှန်နိုင်ပါမည်၊ အကျွန်ုပ်သည် ကြီးသောလွန်ကျူးခြင်းများမှ အပြစ်မဲ့သူ ဖြစ်နိုင်ပါလိမ့်မည်။
၁၄ - အကျွန်ုပ်၏နုတ်မှ စကားလုံးများနှင့် အကျွန်ုပ်နှလုံးသားမှ ဆင်ခြင်တွေးတောခြင်းတို့သည် ကိုယ်တော့်ရှေ့တော်မှောက်တွင် လက်ခံဖွယ်ကောင်းသည်များ ဖြစ်ကြပါစေ၊ အိုး သခင်၊ အကျွန်ုပ်၏ခွန်အားနှင့် အကျွန်ုပ်၏ကယ်တင်ရှင်။

**ဆာလံ ၂၀း၁–၉ (ဂျိန်းဘုရင်မူ)**
*Psalm 20:1-9*
**အတော်ဆုံးအနုပညာရှင်၊ ဒေးဗစ်၏ဆာလံ**
၁ - ဘုရားသခင်သည် သင်ဒုက္ခရောက်ချိန်တွင် နားညောင်းတော်မူသည်၊- ဂျေကော့ပ်၏ဘုရားသခင်၏နာမည်က သင့်ကို ကာကွယ်စောင့်ရှောက်သည်၊-
၂ - သူ၏သန့်ရှင်းသောနေရာမှ သင့်အတွက် အကူအညီကို ပို့တော်မူသည်၊ ဇိုင်အွန်မှနေ၍ သင့်ကို ခွန်အားရှိစေသည်၊-
၃ - သင့် ပူဇော်ခြင်းများကို သတိရတော်မူသည်၊ သင့် မီးရှို့ရာယဇ်ကို လက်ခံတော်မူသည်၊- ဆယ်လား။
၄ - သင့်နှလုံးသားအတိုင်း သင့်ကို ခွင့်ပြုတော်မူသည်၊ သင့်အကြံအစည်များအားလုံးကို ပြည့်စုံစေတော်မူသည်။

၅ - အကျွန်ုပ်တို့သည် ကိုယ်တော့်ကယ်တင်ခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါသည်၊ ငါတို့ဘုရားသခင်၏နာမည်တွင် ငါတို့သည် ငါတို့၏အလံများကို လွှင့်ထူထားကြပါမည်၊- ဘုရားသခင်က သင့်အသနားခံခြင်းများအားလုံးကို ပြည့်စုံစေတော်မူသည်။
၆ - ယခုတွင် ဘုရားသခင်က သူခန့်အပ်ထားသောသူကို ကယ်တင်ကြောင်း ငါသိပါသည်၊- သူ၏သန့်ရှင်းသောကောင်းကင်မှ သူ၏ ညာဖက်လက်တော်၏ကယ်တင်သောခွန်အားဖြင့် သူ့ကို ကြားတော်မူမည်ဖြစ်သည်။
၇ - အချို့က မြင်းရထားများကို အားကိုးကြသည်၊ အချို့ကမူ မြင်းများကို အားကိုးကြသည်၊- သို့သော် ငါတို့ကမူ ငါတို့ဘုရားသခင် ၏နာမည်ကို သတိရကြမည်ဖြစ်သည်။
၈ - သူတို့သည် နိမ့်ကျရာသို့ ရောက်စေခြင်း ခံကြရသည်၊- သို့သော် ငါတို့မှာမူ ထမြောက်ကြပါသည်၊ ထို့နောက် မတ်မတ် ရပ်နေ ကြပါသည်။
၉ - ကယ်တင်တော်မူပါ၊ သခင်၊- ရှင်ဘုရင်သည် ငါတို့ခေါ်သောအခါ ကြားပါစေသော။

××××××××××××××××××××××

**ဖိလေမုန် ၁း၁–၂၅ (ဂျိမ်းဘုရင်မူ)**

***Philemon 1:1-25***

၁ - ပေါလ်၊ ယေရှုခရစ်၏အကျဉ်းသားနှင့် တိမောသေ ငါတို့ညီအကို တို့က ဖိုင်လေးမွန် ငါတို့ချစ်လှစွာသော လုပ်ဖေါ်ဆောင် ဖက်ထံ ရေးလိုက်ပါသည်၊
၂ - ထို့အတူ ငါတို့ချစ်လှစွာသော အေဖီယားနှင့် ငါတို့၏စစ်သားဖေါ်စစ်သားဖက် အာခီးပတ်စ်နှင့် သင့်အိမ်၌ရှိသော အသင်း တော်ထံ ရေးလိုက်ပါသည်၊-
၃ - ငါတို့ဖခင် ဘုရားသခင်နှင့် သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်နှင့် ငြိမ်းချမ်းခြင်း ရှိပါစေသတည်း။
၄ - ငါ၏ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းပါသည်၊ ငါ၏ဆုတောင်းခြင်းများ၌ သင့်ကိုအမြဲဖေါ်ပြလေ့ရှိပါသည်၊
၅ - သခင်ယေရှုထံနှင့် အားလုံးသောသန့်ရှင်းသူတို့ထံ သင် ထားရှိသော သင့်ချစ်ခြင်းနှင့်ယုံကြည်ခြင်းကို ကြားရလျှက် ဖြစ်သည်၊-
၆ - သင့်ယုံကြည်ခြင်းအား ဝေမျှခြင်းသည် သင့်အထဲ၌ရှိနေသည့် ခရစ်တော်ယေရှုထဲ၌လည်း ရှိနေသော ကောင်းသောအရာတိုင်း ကို အသိအမှတ်ပြုခြင်းဖြင့် ထိရောက်လာမည်ဖြစ်သည်။
၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင့်ချစ်ခြင်းထဲ၌ ကြီးသောဝမ်းမြောက်ခြင်းနှင့် နှစ်သိမ့်မှုကို ရရှိကြပါသည်၊ သင့်အားဖြင့် သန့်ရှင်းသူတို့၏စိတ်နှလုံးများ လန်းဆန်းလျှက် ရှိနေကြပါသည်၊ ငါ့ ညီအကို။
၈ - အဘယ့်ကြောင့်ဆိုသော်၊ သင့်ပြုစုခြင်းကို ဝမ်းမြောက်စွာ ခံထိုက်သည်ဟု ခရစ်တော်ထံ၌ ငါ ရဲဝံ့ခြင်းရှိသော်လည်း၊ ထိုသို့ပြု ခြင်းသည် သင့်တော်လှပါသည်၊
၉ သို့သော် ချစ်ခြင်းအတွက်ကြောင့် ငါသည် သင့်ကို တောင်းပန်ခြင်းသာပြုပါမည်၊ အသက်ကြီးလှပြီဖြစ်သည့် ငါ ပေါလု၊ ယခုအခါ ယေရှုခရစ်အတွက် ထောင်ကျနေရသူက တောင်းပန်နေခြင်းဖြစ်ပါသည်။
၁၀ - သင့်ကို ငါ့ချည်နှောင်ခြင်းအတွင်းမွေးဖွားခဲ့သည့် ငါ့သား အိုနဲစီးမတ်စ်အတွက် တောင်းပန်ပါသည်၊-
၁၁ - သူသည် ယခင်က သင့်အတွက် အသုံးမကျသူဖြစ်ခဲ့ပါသည်၊ သို့သော် ယခုအခါ သင့်အတွက်ရော၊ ငါ့အတွက်ပါ အသုံးကျသူ ဖြစ်လာပြီဖြစ်သည်၊-
၁၂ - သူ့ကို ငါ ပြန်ပို့လိုက်ပါသည်၊- ထို့ကြောင့် သင် သူ့ကို လက်ခံပါ၊ ဆိုလိုသည်မှာ၊ ငါအလွန်ချစ်မြတ်နိုးရသူဖြစ်ပါသည်၊-
၁၃ - သူ့ကို ငါ့ထံ ခေါ်ထားချင်ပါသည်၊ ထိုသို့ဖြင့် ဧဝံဂေလိတရားကြောင့် အကျဉ်းခံနေရသူ ငါ့ကို သင့်အစား ပြုစုနိုင်မည်ဖြစ် သည်၊-
၁၄ - သို့သော် သင့်ခွင့်ပြုချက်မရဘဲ ငါ ဘာမှ မလုပ်ပါ၊- ထိုသို့ဖြင့် သင့် ကောင်းမြတ်ခြင်းများသည် မလုပ်မဖြစ် လုပ်ရသည်များ မဟုတ်ဘဲ၊ လိုချင်စွာလုပ်ကိုင်ခြင်းများ ဖြစ်လာပါမည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် သူသည် သင့်ထံမှ ခဏထွက်ခွာခြင်းသာဖြစ်ပါသည်၊ ထိုသို့ဖြင့် သင်သည် သူ့ကို အမြဲတမ်း ရရှိနိုင် ရန်ဖြစ်ပါမည်၊-
၁၆ - အစေခံကျွန်အဖြစ်နှင့်မဟုတ်တော့ပါ၊ သို့သော် အစေခံထက်မြင့်မားသော၊ ချစ်လှစွာသောညီအကိုအဖြစ်၊ အထူးသဖြင့် ငါ့အ တွက်ဖြစ်သည်၊ ထို့ကြောင့် သူ့အတွက်ဆိုလျှင် မည်မျှ ပိုပါမည်နည်း၊ အသွေးအသားအရသော်၎င်း၊ သခင်ဘုရား၌သော်၎င်း ထိုသို့ ဖြစ်မည် မဟုတ်ပါလော?
၁၇ - အကယ်၍ သင်သည် ငါ့ကို သင့်လုပ်ဖေါ်ကိုင်ဖက်အဖြစ် သတ်မှတ်သည်ဆိုလျှင်၊ ငါ့ကိုလက်ခံသကဲ့သို့ သူ့ကို လက်ခံပါ လော့။
၁၈ - အကယ်၍ သူ သင့်အပေါ် အမှားလုပ်ခဲ့ပါလျှင်၊ (သို့) အကြွေးရှိနေပါလျှင်၊ ငါ့အတွက် မှတ်ထားပါလော့၊-
၁၉ - ငါ ပေါလ်က ငါ့လက်ဖြင့် ရေးထားပါသည်၊ ငါ ပြန်ဆပ်ပေးပါမည်၊- သို့သော်ငြားလည်း သင်သည် ငါ့ထံ ပေးဆပ်စရာမည်မျှ ရှိသည်ကို ငါမပြောချင်ပါ၊ သင့်အသက်ပင်လျှင် ငါ့အပေါ်အကြွေးရှိနေပါသည်။
၂၀ - မှန်ပါသည်၊ ညီအကို၊ သခင်ဘုရား၌ သင့်အား ငါဝမ်းမြောက်ပါရစေတော့၊- သခင်ဘုရား၌ ငါ့နှလုံးသားကို ပြန်လည်လန်း ဆန်းစေပါလော့။

၂၁ - သင့်နာခံခြင်းကို ယုံကြည်စိတ်ချလျှက်၊ ငါ သင့်ထံ ရေးခြင်းဖြစ်သည်၊ သင်သည် ငါပြောသည်ထက် ပို၍လုပ်ဆောင်မည်ကို ငါသိပါသည်။
၂၂ - သို့သော် တချိန်တည်းတွင်၊ ငါ့အတွက်လည်း အခန်းပြင်ဆင်ထားပါ၊- အဘယ့်ကြောင့်ဆိုသော် သင့်ဆုတောင်းခြင်းများ အားဖြင့် ငါသည် သင့်ထံလာနိုင်မည်ဟု ယုံကြည်စိတ်ချနေပါသည်။
၂၃ - ခရစ်တော်ယေရှု၌ ငါ၏ ထောင်ကျဖော်ကျဖက် အီပါဖရာ့စ်က သင့်ကို နုတ်ဆက်သည်၊-
၂၄ - မားခပ်စ်၊ အာရီစတားခပ်စ်၊ ဒီးမတ်စ်၊ လုကပ်စ် ငါ့လုပ်ဖော်ကိုင်ဖက်များကလည်း နုတ်ဆက်ကြသည်။
၂၅ - ငါတို့သခင် ယေရှုခရစ်၏ကျေးဇူးတော်သည် သင့်ဝိညာဉ်နှင့်အတူ ရှိပါစေ။ အာမင်။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၄၀)

၁၀၅။ ဘုရားသခင်က ဆဋ္ဌမပညတ်တော်၌ မည်သည်ကိုတောင်းဆိုပါသနည်း?

အတွေးများဖြင့်၄င်း၊ စကားလုံးများဖြင့်၄င်း၊ ကိုယ်အမူရာများဖြင့်၄င်း၊ ကျွန်ုပ်သည် မိမိအိမ်နီးချင်းအား မရိုသေခြင်း၊ မုန်းတီးခြင်း၊ နာကျင်စေခြင်း (သို့) သတ်ဖြတ်ခြင်းတို့ကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူအားဖြင့်ဖြစ်စေ မပြုလုပ်ရပါ။ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမျိုး ပို၍မဖြစ်နိုင်ပါ။ လက်စားချေချင်သောစိတ်အားလုံးကိုလည်း ပစ်ပယ်ထား ရပါမည်။ မိမိကိုယ်ကိုလည်း နာကျင်စေရန်မပြုလုပ်ရပါ။ အန္တရယ်ကြီးမားသည့်နေရာများတွင်လဲ တမင်သက်သက် မနေရပါ။ ထို့ကြောင့် လူသတ်မှုကိုကာကွယ်ရန်အတွက် အစိုးရမင်းများကို ဓါးလက်နက်ကိုင်ဆောင်ခွင့် ပေးထားခြင်း ဖြစ်သည်။
(မဿဲ ၅း၂၁-၂၂၊ သုတ္တံ ၁၂း၁၈၊ မဿဲ ၂၆း၅၂၊ ဧဖက် ၄း၂၆၊ ရော ၁၂း၁၉၊ မဿဲ ၅း၃၉-၄၀၊ ၄း၅-၇၊ ကော ၂း၂၃၊ ကမ္ဘာ ၉း၆၊ မဿဲ ၂၆း၅၂)

၁၀၆။ သို့သော် ဤပညတ်က လူသတ်ခြင်းကိုသာပြောနေဟန်ရှိသည်မဟုတ်လော?

လူသတ်ခြင်းကိုတားမြစ်စဉ်၌ ဘုရားသခင်က သူသည်ထိုအမှုကိုဖြစ်စေသောအကြောင်း အရင်းများဖြစ်သည့် မနာလိုခြင်း၊ မုန်းတီးခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ လက်စားချေလိုစိတ်ရှိခြင်းတို့ကိုလည်း ရွံရှာမုန်းတီးကြောင်း၊ ထိုအရာတို့ကိုလည်း လူသတ်ခြင်းအဖြစ်မှတ်ယူကြောင်း ကျွန်ုပ်တို့ကိုသွန်သင်ပါသည်။
(ယာ ၁း၂၀၊ ဂလာ ၅း၂၀၊ ရော ၁း၂၉၊ ၁ယော ၂း၉၊ ၃း၁၅)

၁၀၇။ အထက်ဖေါ်ပြပါနည်းလမ်းများအတိုင်း မည်သူ့ကိုမျှမသတ်ခြင်းက လုံလောက်ပြီလော?

မလုံလောက်ပါ။ ဘုရားသခင်က မနာလိုခြင်း၊ မုန်းတီးခြင်း၊ အမျက်ဒေါသထွက်ခြင်းတို့ကို တားမြစ်သည့်အခါ၊ ကျွန်ုပ်တို့သည် မိမိ၏အိမ်နီးချင်းအား မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်မြတ်နိုးရန်နှင့် မိမိအိမ်နီးချင်းထံ သည်းခံခြင်း၊ ငြိမ်သက်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဂရုဏာနှင့်အားလုံးသောကြင် နာခြင်းများကိုပြသရန် ဘုရားသခင်ကမိန့်တော်မူ၏။ ထို့အပြင် ကျွန်ုပ်တို့တတ် စွမ်းနိုင်သမျှ မိမိအိမ်နီးချင်းကို ထိခိုက်ခြင်းမှကာကွယ်ပေးရမည်။ ကျွန်ုပ်တို့၏ရန်သူထံ၌ပင် ကောင်းမြတ်ခြင်းကိုပြု လုပ်ရပါမည်။
(မဿဲ ၂၂း၃၉၊ ၇း၁၂၊ ရော ၁၂း၁၀၊ ဧဖက် ၄း၂၊ ဂလာ ၆း၁-၂၊ မဿဲ ၅း၅၊ ရော ၁၂း၁၈၊ ထွက် ၂၃း၅၊ မဿဲ ၅း၄၅၊ ရော ၁၂း၂၀)

Filename: 2012, Dec
Directory: C:\Users\Rev. Titus San Ceu L\Documents
Template: C:\Users\Rev. Titus San Ceu L\AppData\Roaming\Microsoft\Templates\Normal.dotm
Title:
Subject:
Author: Titus
Keywords:
Comments:
Creation Date: 12/19/2012 9:24:00 PM
Change Number: 51
Last Saved On: 1/5/2013 7:56:00 AM
Last Saved By: Rev. Titus San Ceu L
Total Editing Time: 5,538 Minutes
Last Printed On: 1/5/2013 7:56:00 AM
As of Last Complete Printing
Number of Pages: 11
Number of Words: 6,473 (approx.)
Number of Characters: 36,899 (approx.)